ရောင်းမှ

The Mirror Daily

Established in 1957

၁၉၅၇ ခေါ် ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၅၄ ခုနှစ်၊ တပို့တွဲလပြည့်၊ စနေနေ့။ Saturday, 4 February 2023 ၁၁၀၀၁

လောကကို ထွန်းလင်းတောက်ပ

မိမိပြုခဲ့သော မကောင်းမှုအကုသိုလ်ကံကို ကုသိုလ်ကံဖြင့် ဖုံးအုပ်ဖြေဖျောက်နိုင်၏။ ထိုသို့ပြုနိုင်သူသည် တိမ်တိုက်မှလွတ်မြောက်လာသောလကဲ့သို့ ဤလောကကို ထွန်းလင်းတောက်ပစေ၏။ (ကောင်းမှုကုသိုလ်ပြုနိုင်ရန် မိတ်ကောင်းဆွေကောင်းရှိရန် လိုအပ်ပေရာ မိတ်ကောင်းဆွေကောင်းများနှင့် ပေါင်းသင်းဆက်ဆံနိုင်အောင် ကြိုးစားအားထုတ်သင့်၏)

လောကဝဂ်(ဓမ္မပဒ-၁၇၃)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီ စံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

စလင်းဒေသ၌ စပျစ်စိုက်ပျိုးရေးလုပ်ငန်း အောင်မြင်ဖြစ်ထွန်း၍ ဒေသခံတောင်သူများ တိုးချဲ့စိုက်ပျိုးလုပ်ကိုင်လာ

စလင်း ဖေဖော်ဝါရီ ၃

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ်၌ တစ်ပိုင်တစ်နိုင် စပျစ်သီးနှံစိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်ကြသူများ အောင်မြင်ဖြစ်ထွန်းမှုရှိ၍ ယခုနှစ်တွင် ဒေသခံတောင်သူများက စပျစ်သီးနှံများကို ဥယျာဉ်ခြံမြေများဖြင့် တိုးချဲ့စိုက်ပျိုးလုပ်ကိုင်လာကြကြောင်း စလင်းမြို့နယ်အတွင်းရှိ တောင်သူများထံမှ သိရသည်။

"စပျစ်သီးနှံစိုက်ပျိုးရေးလုပ်ငန်းက နေ မိသားစုအပိုဝင်ငွေရရှိဖို့ တစ်ပိုင်တစ်နိုင် စမ်းသပ်စိုက်ပျိုးခဲ့ရာ အောင်မြင်ဖြစ်ထွန်းမှုရှိလာတာကြောင့် ယခုနှစ်မှာ ဆိုရင်တောင်သူတွေက စိုက်ပျိုးမြေတွေနဲ့ ဥယျာဉ်ခြံမြေတွေမှာ တိုးချဲ့စိုက်ပျိုးလုပ်ကိုင်ကြတယ်။ စိုက်ပျိုးရေ အဆင်ပြေတဲ့အတွက် စပျစ်သီးနှံစိုက်ပျိုးရေးလုပ်ငန်းက အောင်မြင်ဖြစ်ထွန်းမှုလည်းရှိတယ်။ ပြီးခဲ့တဲ့နှစ်ကဆိုရင် စပျစ်သီးတွေ အလျင်မီရောင်းချနိုင်ဖို့အတွက် စပျစ်ခြံကို နှစ်ခြံခွဲပြီး စိုက်ပျိုးခဲ့ရတယ်။ ယခင်နှစ်ကတော့ တစ်ပိသာကို ငွေကျပ် ၅၀၀၀ မှ ၇၀၀၀ အထိ ရောင်းချခဲ့ရတယ်။ ကျွန်တော့်ခြံက စိုက်ပျိုးထွက်ရှိတဲ့ စပျစ်သီးက အလုံးထွားတဲ့အပြင် ချိုလည်းချိုတော့ စားသုံးသူအကြိုက်တွေ့လို့ ရောင်းအားလည်းကောင်းပါတယ်။ အခုလည်း စပျစ်ခြံက အောင်မြင်ဖြစ်ထွန်းမှုရှိလို့ ဖေဖော်ဝါရီ ဒုတိယပတ်လောက်ဆိုရင် စတင်

စာမျက်နှာ ၄ ကော်လံ ၁ သို့ ☆

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြင်းစီးအားကစားပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် ဖေဖော်ဝါရီ ၃

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အထိမ်းအမှတ် မြင်းစီးအားကစားပြိုင်ပွဲများကို ဖေဖော်ဝါရီ ၁၀ ရက်မှ ၁၂ ရက်အထိ စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲအမျိုးအစား နှစ်မျိုး ကျင်းပမည်

အဆိုပါပြိုင်ပွဲကို ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ် အားကစားကွင်း၌ ကျင်းပသွားမည်ဖြစ်ပြီး နိုင်ငံတကာပြိုင်ပွဲနှင့် ရိုးရာပြိုင်ပွဲဟူ၍ ပြိုင်ပွဲအမျိုးအစား နှစ်မျိုး ကျင်းပသွားမည်ဖြစ်သည်။

ထိုသို့ကျင်းပရာ၌ နိုင်ငံတကာပြိုင်ပွဲတွင် Show Jumping ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး အကြီးတန်းနှင့် အငယ်တန်းတို့ ပါဝင်ကြောင်း၊ ရိုးရာပြိုင်ပွဲတွင် ဒုန်းမြင်းစီးပြိုင်ပွဲကို Pony တန်း မြင်းဒေါက် ၄ ပေ ၈ လက်မအောက်၊ အငယ်တန်း မြင်းဒေါက် ၄ ပေ ၁၀ လက်မအောက်၊ အလတ်တန်း မြင်းဒေါက် ၄ ပေ ၁၀ လက်မမှ ၅ ပေထိ၊ အကြီးတန်း မြင်းဒေါက် ၅ ပေမှ ၅ ပေ ၂ လက်မထိ၊ အထူးတန်း မြင်းဒေါက် ၅ ပေ ၂ လက်မ အထက်ဟူ၍ အတန်း ငါးတန်းဖြင့် ယှဉ်ပြိုင်သွားမည်ဖြစ်ပြီး ရိုးရာပြိုင်ပွဲတွင် အသားကျပြိုင်ပွဲကိုလည်း ထည့်သွင်းယှဉ်ပြိုင်သွားမည်ဖြစ်ကြောင်း သိရသည်။

စာရင်းသွင်းရမည်

မြင်းစီးအားကစားပြိုင်ပွဲသို့ ဝင်ရောက်ယှဉ်ပြိုင်ကြမည့် အားကစားသမားများနှင့် မြင်းများအနေဖြင့် မြန်မာနိုင်ငံ မြင်းစီးအားကစားအဖွဲ့ချုပ်လင့်ခ်သို့ ဖေဖော်ဝါရီ ၅ ရက် ည ၁၂ နာရီ နောက်ဆုံးထား၍ စာရင်းသွင်းရမည်ဖြစ်ပြီး ထိုသို့စာရင်းသွင်းထားသည့် နေ့ရက်မှ နှစ်ရက်အတွင်း ပြိုင်ပွဲစိစစ်ရေးအဖွဲ့က စိစစ်၍

စာမျက်နှာ ၄ ကော်လံ ၃ သို့ ✪

ယနေ့ ဖတ်စရာ

ရှေတိဂုံစေတီတော်နှင့် မဟာဝိဇယစေတီတော်တို့၌ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲများ ကျင်းပ

စာမျက်နှာ » ၁၀

လူရည်ချွန် လူရည်မွန်

ဆောင်းပါး စာမျက်နှာ » ၁၁

ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် ပြန်လာရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသော မြန်မာနိုင်ငံသူ နိုင်ငံသားများကို အမိမြန်မာနိုင်ငံသို့ အောင်မြင်စွာ ပြန်လည်ခေါ်ဆောင်၍ သက်ဆိုင်ရာဒေသအသီးသီးသို့ ဆက်လက်ပို့ဆောင်

စာမျက်နှာ » ၁၅

ကြေးမုံ

လုံခြုံစိတ်ချ သင့်တင့်လျောက်ပတ် အေးမြသည့်အရိပ်အာဝါသ၌ခိုလှုံ

လူသားအချင်းချင်း စာနာထောက်ထားမှုဖြင့် စောင့်ရှောက်ကူညီခြင်းအမှုကို ပြုကြရသည်။ ဒုက္ခအခက်အခဲကြုံလာသည့်အခိုက်၌ ကူညီစောင့်ရှောက်ခြင်းသည် မေတ္တာတရားကြီးမားပေသည်။ မိမိနိုင်ငံသားအချင်းချင်း ပစ်ပယ်ခြင်းမပြုဘဲ အကူအညီလိုအပ်သည့်အချိန်တွင် မဆိုင်းမတွေးဆောင်ကြဉ်းပေးခြင်းသည် မဂ်လာတရားနှင့် ညီညွတ်ပေသည်။ ဝမ်းမြောက်ဝမ်းသာကြိုဆိုရပေမည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ လမ်းညွှန်ချက်အရ ပြည်ပနိုင်ငံများတွင် ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ပြန်လာရန် အခက်အခဲရှိနေသော နိုင်ငံသားများအား ပြန်လည်ခေါ်ဆောင်ပေးလျက်ရှိသည်။ ပြည်ပရောက် မြန်မာနိုင်ငံသားများအနက် ထိုင်းနိုင်ငံတွင်ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ ပြန်လာရန် အခက်အခဲကြုံတွေ့လျက်ရှိသည့် မြန်မာနိုင်ငံသား ၆၇၉ ဦးအား ဖေဖော်ဝါရီလ ၂ ရက်နေ့က ရေယာဉ်များဖြင့် သွားရောက်ခေါ်ဆောင်ခဲ့သည့်သတင်းကို မြင်တွေ့ရသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရသည်။

မြန်မာနိုင်ငံ ကေ့သောင်းမြို့သို့ ရေယာဉ်များဖြင့် ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများအား သက်ဆိုင်ရာတာဝန်ရှိအကြီးအကဲများနှင့် ကျန်းမာရေးဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များက နွေးထွေးပျူငှာစွာကြိုဆိုကြပြီး ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး၊ လိုအပ်သော ကျန်းမာရေး၊ နေထိုင်စားသောက်တည်းခိုရေး အစစအရာရာတို့ကို ကူညီဆောင်ရွက်ပေးကြသည်။ မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော မြန်မာနိုင်ငံသားများကို ကေ့သောင်းမြို့မှတစ်ဆင့် သက်ဆိုင်ရာနေရပ်အသီးသီးရှိ မိဘရင်ခွင်ထံသို့ လိုအပ်သောကိစ္စအဝဝတို့ကို ဖြည့်ဆည်းပေးပြီး မော်တော်ယာဉ်များဖြင့်လည်းကောင်း၊ ရေယာဉ်များဖြင့်လည်းကောင်း ပို့ဆောင်ပေးသွားမည်ဖြစ်သည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအစိုးရလက်ထက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ လမ်းညွှန်ချက်အရ ပြည်ပရောက် မြန်မာနိုင်ငံသားများကို ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအတွင်းက မလေးရှားနိုင်ငံတွင် အခက်အခဲကြုံတွေ့နေသော မြန်မာနိုင်ငံသား ၁၀၈၆ ဦးနှင့် အိန္ဒိယနိုင်ငံ ပို့ပလဲယားမှ မြန်မာနိုင်ငံသား ၇၀ တို့အား တပ်မတော်(ရေ)မှ စစ်ရေယာဉ်များဖြင့် နှစ်ကြိမ်သွားရောက်ခေါ်ဆောင်ခဲ့ပြီး ယခုတစ်ဖန် ထိုင်းနိုင်ငံရောက် မြန်မာနိုင်ငံသား ၆၇၉ ဦးကို ထပ်မံခေါ်ဆောင်ပေးခဲ့သည်။ အခက်အခဲကြုံတွေ့နေသော ပြည်ပရောက်မြန်မာနိုင်ငံသားများအား လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ကူညီပေးခဲ့သဖြင့် ပြည်သူများထံမှလည်း ကျေးဇူးတို့ပြန်စကားများ ပြန်လည်ကြားသိခဲ့ရသည်။

ပြည်ပနိုင်ငံများတွင် အခက်အခဲကြုံတွေ့ကြရသော မြန်မာနိုင်ငံသားများတွင် တရားမဝင်လမ်းကြောင်းများမှတစ်ဆင့် သွားရောက်ခဲ့ကြသူများဖြစ်ပြီး သက်ဆိုင်ရာနိုင်ငံ၏ လူဝင်မှုကြီးကြပ်ရေးဥပဒေအရ အရေးယူခံရသူများဖြစ်သည်။ မြန်မာနိုင်ငံမှ နိုင်ငံသားများသည် အလုပ်အကိုင်ရရှိပြီး ဝင်ငွေရရှိလိုသောဆန္ဒဖြင့် ပြည်ပနိုင်ငံများသို့ နည်းလမ်းအမျိုးမျိုးဖြင့် သွားရောက်ကြရာ အခက်အခဲအမျိုးမျိုးတွေ့ကြရသည်။ လောကတွင် အရိပ်အာဝါသအမျိုးမျိုးတို့၌ မိခင်နိုင်ငံ၊ မိဘ၏အရိပ်အာဝါသသည်သာ လုံခြုံစိတ်ချအေးမြဆုံးဖြစ်သည်။ သူတစ်ပါးနိုင်ငံ၊ သူတစ်ပါးအရိပ်အာဝါသအောက်တွင် နေထိုင်ရသည့်အခါ လုံခြုံစိတ်ချမှုကင်းဝေးပြီး အခက်အခဲမျိုးစုံကြုံတွေ့ကြရသည်ကို မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိလာသော နိုင်ငံသားများ သိရှိခံစားလာကြသည်။

ပင်လယ်ရပ်ခြားပြည်ပနိုင်ငံများရောက် မြန်မာနိုင်ငံသားများအား ယခုကဲ့သို့ ပြန်လည်ခေါ်ယူရာတွင် တပ်မတော်သည် အဓိကဦးဆောင် ဆောင်ရွက်ပေးခဲ့သည်။ တပ်မတော်၏ လုပ်ငန်းတာဝန်လေးရပ်တွင် လူသားချင်းစာနာထောက်ထားခြင်းလုပ်ငန်းတာဝန်တစ်ရပ်လည်းပါဝင်သဖြင့် မြန်မာနိုင်ငံသားများ ပြည်ပနိုင်ငံများတွင် ဒုက္ခအခက်အခဲရောက်နေချိန်၌ ကယ်ဆယ်စောင့်ရှောက်ပေးခြင်းတာဝန်ကို မွန်မြတ်စွာ ထမ်းဆောင်နိုင်ခဲ့သည်။ သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးတို့ကလည်း အခက်အခဲကြုံတွေ့နေသော မြန်မာနိုင်ငံသားများ၏အရေးကို ကျရာကဏ္ဍများ၌ ကျေပွန်စွာထမ်းဆောင်ပေးခဲ့ကြသဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရပေသည်။

ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးဟူသော အမျိုးသားရေးရည်မှန်းချက်ကို ချမှတ်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံသူ နိုင်ငံသားများ အလုပ်အကိုင်အခွင့်အလမ်းများ အဆင်ပြေပြီး လူမှုစီးပွားဘဝများ မြင့်မားတိုးတက်လာရေးအတွက် ဖန်တီးဆောင်ရွက်ပေးနေပြီဖြစ်ရာ လုံခြုံစိတ်ချပြီး သင့်တင့်လျောက်ပတ်မှုရှိသော မိမိနိုင်ငံတွင်သာ ကြိုးပမ်းလုပ်ကိုင်ဆောင်ရွက်ခြင်းဖြင့် မိမိတို့၏ဘဝ၊ မိမိတို့နိုင်ငံအနာဂတ် ပိုမိုတိုးတက်ကောင်းမွန်လာမည်ဖြစ်ပါကြောင်း။ ။

၂၀၂၃ ခုနှစ် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

(၂) ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများအားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(၃) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေး အမျိုးသားရေးလုပ်ငန်းစဉ်(၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီလက်ညီလက်တွဲဆောင်ရွက်ရေး။

(၄) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင်ဆောင်ရွက်ပေးရေး။

(၅) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကိုတည်ဆောက်ရေး။

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် (၃-၂-၂၀၂၃)

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈,၅၀၀	၈,၆၀၀	၁,၄၉၄	၁၂,၆၉၉,၅၀၀
MTSH	၃,၂၅၀	၃,၃၅၀	၃,၄၅၉	၁၁,၃၅၅,၅၀၀
MCB	၇,၇၀၀	၇,၇၀၀	၀	၀
FPB	၂,၂၀၀	၂,၂၅၀	၈,၃၀၄	၁၈,၄၅၅,၉၅၀
TMH	၂,၅၅၀	၂,၅၀၀	၂၀၇	၅၂၂,၈၅၀
EFR	၂,၇၀၀	၂,၇၀၀	၃၆၆	၉၈၈,၂၀၀
AMATA	၄,၉၀၀	၄,၉၀၀	၂၂၀	၁,၀၇၈,၀၀၀

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် ဖေဖော်ဝါရီ ၃

နိုင်ငံခြားငွေလဲလှယ်နှုန်း				မြန်မာငွေကျပ်
(က)	အမေရိကန်	တစ်ဒေါ်လာ	=	၂၁၀၀.၀
(ခ)	ဥရောပ	တစ်ယူရို	=	၂၂၉၅.၅
(ဂ)	တရုတ်	တစ်ယွမ်	=	၃၁၁.၅၇
(ဃ)	ထိုင်း	တစ်ဘတ်	=	၆၃.၇၀၄
(င)	မလေးရှား	တစ်ရင်းဂစ်	=	၄၉၃.၁၉
(စ)	အိန္ဒိယ	တစ်ရူပီး	=	၂၅.၆၄၆
(ဆ)	ဩစတြေးလျ	တစ်ဒေါ်လာ	=	၁၄၈၂.၅
(ဇ)	စင်ကာပူ	တစ်ဒေါ်လာ	=	၁၆၀၂.၄
(ဈ)	ဂျပန်	တစ်ရာယန်း	=	၁၆၃၄.၅
(ည)	တောင်ကိုရီးယား	တစ်ရာဝမ်	=	၁၇၀.၆၃

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

ကြေးမုံ

စာတည်းမှူးချုပ်	- ဦးစိုးစိုးနိုင်	အကြီးတန်း သတင်းထောက်များ	- ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဌ၊ ဒေါ်နေဇာဇာထွန်း၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
စာတည်းမှူး	- ဦးဝင်းနိုင်		
စာတည်းများ	- ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး	အငယ်တန်း သတင်းထောက်များ	- ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်
		သုတေသန	- ဒေါ်ဇင်မာဝင့်
ဘာသာပြန်	- ဦးနိုင်လင်းကြည်	စာပြင်	- ဒေါ်မြသီတာနှင့်အဖွဲ့
စာတည်းများ	ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ	စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း	- ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့
		အီးမေးလ်နှင့် အွန်လိုင်း	- ဦးစိုးချစ်ဦးနှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀ဖြင၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀ဂ၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

themirror.npt@gmail.com
www.facebook.com/themirrordaily

နေပြည်တော်	-	စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ	-	အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ	-	၀၁-၈၆၁၀၆၈၅၅ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၄၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း သွင်းလှူပူဇော်နိုင်ရေး စေတနာရှင် အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် (၇) ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှု ရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒကွိဏာသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော် သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင်ပြုလုပ်ခဲ့ပြီး (၇)ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် ရွှေထည် ၁၀၄ ကျပ်သား ၆ ပဲ ၃ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၂၀၀ ကျပ်သား ၁ ပဲ ၁ ရွေး၊ ကျောက်မျိုးစုံ ၃ ကီလို ၈ရမ် အပါအဝင် ဗုဒ္ဓမြတ်စွာဘုရား၏ ဇာတာတော်များ၊ နိုင်ငံတကာမှ ငွေဒင်္ဂါးပြားများ၊ အဖိုးတန်ရွှေငွေကျောက်သံပတ္တမြားများကို ဌာပနာသွင်းလှူပူဇော်နိုင်ခဲ့သည်။

ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်သဖြင့် ကုသိုလ်တော် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်လျက်ရှိရာ

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း သွင်းလှူပူဇော်နိုင်ရေး စေတနာရှင်၊ အလှူရှင်များ လာရောက်လှူဒါန်းစဉ်။



မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း သွင်းလှူပူဇော်နိုင်ရေး စေတနာရှင်၊ အလှူရှင်များ လာရောက်လှူဒါန်းစဉ်။

(၇) ရက် သား၊ သမီး၊ ဘုရား ဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ဝမ်းပန်းတသာ ဆက်သွယ်၍ ဌာပနာကုသိုလ်များကို ထည့်ဝင်လှူဒါန်းလျက်ရှိကြပြီး ယနေ့တွင် နေပြည်တော်ကောင်စီ ပြည်ထောင်စုနယ်မြေသို့ ရွှေထည် ၂၃ ကျပ်သား ၅ ပဲ၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၄၇ ကျပ်သား ၃ ပဲ ၇ ရွေး၊ ပုလဲနှင့် ကျောက်မျိုးစုံ၊ ဓာတ်တော်မွေတော် နှစ်ဆူ၊ ရန်ကုန်တိုင်းဒေသကြီး၌ ရွှေထည် ၁၉ ကျပ်သား ၂ ပဲ ၇ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၃၀ ကျပ်သား ၁၂ ပဲ ၆ ရွေး၊ ပုလဲ၊ ပလက်တီနမ် နှင့် ကျောက်မျိုးစုံ၊ ငွေထည်ပစ္စည်းများ၊ ဘွဲ့တံဆိပ်များ၊ ဓာတ်တော်မွေတော် တစ်ဆူ၊ အလှူငွေကျပ် ၁၃၆၂၀၀၀ နှင့် မန္တလေးတိုင်းဒေသကြီး၌ ရွှေထည် ၆၆ ကျပ်သား ၁၃ ပဲ ၅ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၁၁ ကျပ်သား ၁၀ ပဲ ၆ ရွေး၊ စိန်၊ ပုလဲနှင့် ကျောက်မျိုးစုံ၊ ငွေထည်ပစ္စည်းများ၊ အလှူငွေကျပ် ၅၇၈၂၅၀၀ တို့ကို လာရောက်လှူဒါန်းခဲ့ကြောင်း၊ ထို့ပြင် အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း ရွှေထည် ၃၆ ကျပ်သား ၃ ပဲ ၃ ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၂၄ ကျပ်သား ၁၃ ပဲ ၁ ရွေး၊ စိန်၊ ပတ္တမြား၊ နီလာ၊ ပုလဲနှင့် ကျောက်မျိုးစုံ၊ ဓာတ်တော်မွေတော်များ၊ ငွေထည်ပစ္စည်းများ၊ ဘွဲ့တံဆိပ်နှင့် ဆုတံဆိပ်များ၊ အလှူငွေကျပ် ၅၁၀၈၆၇၀၀ နှင့် ထိုင်းဘတ်ငွေ ၃၀၀၀၀ တို့ကို ဌာပနာသွင်းလှူပူဇော်ရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

(၇)ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ အနေဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော်ထပ်မံထည့်သွင်း သွင်းလှူပူဇော်ပိုပါက နေပြည်တော်ကောင်စီ နယ်မြေ အပါအဝင် သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တာဝန်ရှိသူများထံသို့ ဖေဖော်ဝါရီ ၈ ရက်အထိ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ထားသည်။

သတင်းစဉ်

မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်းလှူဒါန်း ပူဇော်မည်ဖြစ်ပါသဖြင့် သွင်းလှူပူဇော်နိုင်ရေး အသိပေးနှိုးဆော်ခြင်း

နေပြည်တော် ဖေဖော်ဝါရီ ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇) ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒကွိဏာသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပြီး ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော် သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင် ပြုလုပ်ခဲ့သည်။

ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် လှူဒါန်းပူဇော်လိုသည့် (၇) ရက် သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် အချိန်မီသွင်းလှူပူဇော်နိုင်ရေး အောက်ပါဖုန်းနံပါတ်များသို့ ဖေဖော်ဝါရီ ၈ ရက်အထိ ဆက်သွယ်စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

(က) ဒုတိယဗိုလ်မှူးကြီး အောင်ထက်ဟိန်း ၀၉-၂၀၁၄၄၇၀

(ခ)	ဒုတိယဗိုလ်မှူးကြီး အောင်ကို	၀၉-၂၅၉၀၉၉၈၉၉
(ဂ)	ဗိုလ်မှူးချုပ် ကျော်စိုးဦး	၀۹-၃۹۵۰۰۷۵۷۲	နေပြည်တော်
(ဃ)	ဗိုလ်မှူးချုပ် မြတ်သူစိုး	၀۹-၃۹۵۰۰۹۲۵	မြစ်ကြီးနား
(င)	ဗိုလ်မှူးချုပ် ကျော်ကျော်ထွန်း	၀۹-۲۹۵۰۰۲۹۷۵	လားရှိုး
(စ)	ဗိုလ်မှူးချုပ် ဝင်းဇော်မိုး	၀۹-۲۹۵۰۰۲۵۶۶	တောင်ကြီး
(ဆ)	ဗိုလ်မှူးချုပ် သန်းထွန်းအောင်	၀۹-۲۹۵۰۰۲۷۶۵	ခိုလမ်
(ဇ)	ဗိုလ်မှူးချုပ် ကျော်ထက်	၀۹-۲۹۵۰۰۷۶۰۹۵	ကျိုင်းတုံ
(စျ)	ဗိုလ်မှူးချုပ် ကျော်သူရအေး	၀۹-۲۹۵۰۰۵۵۷۶۰	မော်လမြိုင်
(ည)	ဗိုလ်မှူးချုပ် သစ်လွင်ထူး	၀۹-۲۹۵۰۰۰۷۸۷	မြိတ်
(ဋ)	ဗိုလ်မှူးချုပ် ဝင်းမြင့်ခိုင်	၀۹-۲۹۵۰۰۲۵۸۲	ရန်ကုန်
(ဌ)	ဦးမင်းမင်းထွန်း	၀۹-۶۶۵۵۵۰۰۸۸۸	ရန်ကုန်
(ဍ)	ဦးသက်နိုင်	၀۹-۶۶۲۰۰۵۶۷۵	ရန်ကုန်
(ဎ)	ဗိုလ်မှူးချုပ် အောင်ခင်ဇော်	၀۹-۲۹۵۰۰۰۲۶۸	ပုသိမ်
(ဏ)	ဗိုလ်မှူးချုပ် ကျော်ကျော်သန်း	၀۹-۲۹۵۰۰۲۵۵۶	အမ်း
(တ)	ဗိုလ်မှူးချုပ် မျိုးထွန်းလှိုင်	၀۹-۲۹۵۰۰۲۶۷۵	မုံရွာ
(ထ)	ဗိုလ်မှူးကြီး အောင်လွင်	၀۹-۲۹۵۰۰۲۷۶۸	မန္တလေး
(ဒ)	ဦးတင်မောင်စိုး	၀۹-۲۹۰۸۶۵۲۷۸	မန္တလေး
(ဓ)	ဦးစိုးဟိန်းနောင်	၀۹-۶۵۷۰۰۸۶۶۸۰	မန္တလေး
(နဝ)	ဗိုလ်မှူးချုပ် အောင်ခိုင်ချို	၀۹-۲۹۵۰۰۰۶۶۲۵	တောင်ငူ

ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေး

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၁၇ / ၂၀၂၃
၁၃၈၄ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက်
(၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်)

ဒုတိယဝန်ကြီး ခန့်အပ်တာဝန်ပေးခြင်း

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ဗိုလ်ချုပ် တိုးရီအား ပြည်ထဲရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးလိုက်သည်။

အမိန့်အရ
အောင်လင်းဌေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာနတို့၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဝန်ထမ်းများ စည်းလုံးညီညွတ်ရေး၊ ပျော်ရွှင်စွာဖြင့် ပူးပေါင်းဆောင်ရွက်ရေး၊ မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာကို ထိန်းသိမ်းရေးဟူသော ရည်ရွယ်ချက်များဖြင့် ယနေ့မွန်းလွဲပိုင်းတွင် နိုင်ငံခြားရေးဝန်ကြီးဌာန ရုံးသစ်အဆောက်အအုံ ယာဉ်ရပ်နားကွင်း၌ ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်စည်းကမ်းချက်များနှင့် အညီ စည်ကားသိုက်မြိုက်စွာ ကျင်းပသည်။

တက်ရောက်အားပေး

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်၊ ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်၊ ဒုတိယဝန်ကြီး ဦးကျော်မျိုးထွန်း၊ အမြဲတမ်းအတွင်းဝန် ဦးချမ်းအေးနှင့် ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် ဝန်ထမ်းများ တက်ရောက်အားပေးကြသည်။

ထမနဲထိုးပြိုင်ပွဲတွင် နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး ဝန်ကြီးဌာန ဝန်ထမ်းများက မြန်မာ့ရိုးရာယဉ်ကျေးမှု အစဉ်အလာအတိုင်း စည်းမျဉ်း စည်းကမ်း၊ အမှတ်ပေးသတ်မှတ်ချက်များနှင့်အညီ ယှဉ်ပြိုင်ခဲ့ကြပြီး ပြိုင်ပွဲဝင် ဦးစီးဌာန ရှစ်ခု အနက် ပထမဆုကို အာဆီယံရေးရာ ဦးစီးဌာနက လည်းကောင်း၊ ပူးတွဲဒုတိယဆုကို ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာ ဦးစီးဌာနနှင့် စီမံကိန်းနှင့် စီမံရေးရာ ဦးစီးဌာနတို့က လည်းကောင်း၊ တတိယဆုကို ပြည်ထောင်စုဝန်ကြီးရုံးကလည်း ကောင်း ရရှိခဲ့ကြသည်။

ထို့နောက် ဆုပေးပွဲကို ဆက်လက်ကျင်းပရာ ပထမဆုရရှိသော အာဆီယံရေးရာဦးစီးဌာနကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးဝဏ္ဏမောင်လွင်က လည်းကောင်း၊ ပူးတွဲ ဒုတိယဆုရရှိသော ကောင်စစ်ရေးရာနှင့် ဥပဒေရေးရာဦးစီးဌာနနှင့် စီမံကိန်းနှင့် စီမံရေးရာဦးစီးဌာနကို နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေက လည်းကောင်း၊ တတိယဆုရရှိသော ပြည်ထောင်စုဝန်ကြီးရုံးကို အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလှိုင်က လည်းကောင်း၊ နှစ်သိမ့်ဆုများကို နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးထွန်းနှင့် အမြဲတမ်းအတွင်းဝန်တို့က လည်းကောင်း ဆုများချီးမြှင့်ခဲ့သည်။

သတင်းစဉ်

✯ ရှေ့ဖုံးမှ

အောင်မြင်ဖြစ်ထွန်းမှုရှိလို့ ဖေဖော်ဝါရီ ဒုတိယပတ်လောက် ဆိုရင် စတင်ဆွတ်ခူးရောင်းချရတော့မှာဖြစ်ပါတယ်”ဟု စလင်းမြို့နယ်မှ တစ်နိုင်တစ်ပိုင် စပျစ်သီးနှံစိုက်ပျိုးသူ ဦးဇော်ထိုက်က ပြောကြားသည်။

မည်သည့် မြေအမျိုးအစားတွင်မဆို စိုက်ပျိုးနိုင်

စပျစ်သီးနှံစိုက်ပျိုးရေးလုပ်ငန်းသည် အေးသောရာသီဥတုနှင့် ပူနွေးသောရာသီဥတုတို့တွင် စိုက်ပျိုးနိုင်ပြီး မည်သည့် မြေအမျိုးအစားတွင်မဆို စိုက်ပျိုးနိုင်ကြောင်း၊ ထိုသို့စိုက်ပျိုးရာတွင် စပျစ်ခြံကို လေဝင်လေထွက် ကောင်းမွန်ရန်နှင့် ရေမပြတ်ရရှိသောနေရာတွင် စိုက်ပျိုးပါက အောင်မြင်ဖြစ်ထွန်းမှု ပိုမိုကောင်းမွန်စေကြောင်း၊ စပျစ်စိုက်ပျိုးခြင်းကို မျိုးစေ့ချစိုက်ပျိုးခြင်းဖြင့်သော်လည်းကောင်း၊ ကိုင်းဖြတ်ပျိုးထောင်စိုက်နည်းစနစ်ဖြင့်သော်လည်းကောင်း စိုက်ပျိုးနိုင်ပြီး အများအားဖြင့် ကိုင်းဖြတ်၍ ပျိုးထောင်စိုက်ပျိုးခြင်းကို ပိုမိုစိုက်ပျိုးကြကြောင်း၊ ကိုင်းဖြတ်၍ ပျိုးထောင်စိုက်ပျိုးပါက အသီးတင်မှု ပိုမိုမြန်ဆန်သည့်အတွက် စိုက်ပျိုးရေးလုပ်ငန်းရှင် အများစုက အားထားစိုက်ပျိုးကြကြောင်း သိရသည်။

လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)

✪ (၇၆)နှစ်မြောက်မှ

ပြန်လည်အကြောင်းပြန်ပေးမည်ဖြစ်ကြောင်း၊ ပြိုင်ပွဲသို့ ဝင်ရောက်ခွင့်ရသည့် အားကစားသမားများနှင့် မြင်းများအနေဖြင့် ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်ရှိ မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ် အားကစားကွင်း၌ ဖေဖော်ဝါရီ ၆ ရက်မှ ၈ ရက်အတွင်း ရောက်ရှိနေရာယူပေးရမည်ဖြစ်ကြောင်း သိရသည်။

ပြိုင်ပွဲဝင်မြင်းများအတွက် မြင်းထားရှိရန် မြင်းဇောင်းများ၊ ရေများ စီစဉ်ပေးထားမည်ဖြစ်ကာ မြင်းစာများဝယ်ယူနိုင်ရန်အတွက်လည်း စီစဉ်ပေးထားကြောင်း၊ ထို့ပြင် အထူးအစီအစဉ်အနေဖြင့် ဝင်ရောက်ယှဉ်ပြိုင်ကြမည့် မြင်းစီးအားကစားသမားများနှင့် မြင်းများအား နိုင်ငံတကာစံချိန်စံနှုန်းနှင့် အညီ မှတ်ပုံတင်စာရင်းသွင်းခြင်းများကို ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြန်မာနိုင်ငံမြင်းစီးအားကစားအဖွဲ့ချုပ်မှ သိရသည်။

လင်းရာမ

သာကေတမြို့နယ်၌ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျှော့ချနိုင်ရေး ကွင်းဆင်းဆောင်ရွက်

သာကေတ ဖေဖော်ဝါရီ ၃

ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ်အတွင်း ဓာတ်အားပြည့်ဝစွာသုံးစွဲနိုင်ရေး၊ လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျှော့ချနိုင်ရေးနှင့် တရားမဝင်ဓာတ်အားသုံးစွဲမှုများ စိစစ်ဖော်ထုတ်နိုင်ရေးအတွက် သာကေတမြို့နယ် လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းမှ မြို့နယ်လျှပ်စစ်မန်နေဂျာဦးဆောင်၍ ဝန်ထမ်းများက ဖေဖော်ဝါရီ ၁ ရက်က ၆/အနောက်ရပ်ကွက်အတွင်း ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ မြို့နယ်လျှပ်စစ်မန်နေဂျာ ဦးကျော်စန်းနှင့် မြို့နယ်လျှပ်စစ်အင်ဂျင်နီယာတို့ ဦးစီး၍ ဝန်ထမ်းများက လျှပ်စစ်ဓာတ်အားပျောက်ဆုံးမှု လျှော့ချနိုင်ရေးအတွက် ရပ်ကွက်များအတွင်း လျှပ်စစ်အန္တရာယ်ကင်းရှင်းရေး၊ ဓာတ်အားပြည့်ဝစွာ အသုံးပြုနိုင်ရေးနှင့် အသုံးပြုလျက်ရှိသော မီတာများ ရပ်၊ ပျက်၊ နှေး ဖြစ်ပေါ်နေမှု ရှိ၊ မရှိ စစ်ဆေးခြင်း၊ ဗို့အားပြည့်ဝစွာရရှိနိုင်ရေးနှင့် ထရန်စဖော်မာများ ချွတ်ယွင်းမှုမရှိစေရေးတို့ အတွက်ဝန်အားမျှခြင်းနှင့် ထိန်းသိမ်းပြုပြင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

လျှပ်စစ်သုံးလျှင် သတိယှဉ် ဝန်အားမမျှ မသုံးရ

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာကျော်ထွန်း ရှမ်းပြည်နယ်အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာစုပေါင်းထမနဲထိုးပြိုင်ပွဲသို့ တက်ရောက်အားပေး

နေပြည်တော် ဖေဖော်ဝါရီ ၃

ရှမ်းပြည်နယ် အစိုးရအဖွဲ့က ကြီးမှူးကျင်းပသော (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာစုပေါင်းထမနဲထိုးပြိုင်ပွဲကို ယနေ့ မွန်းလွဲ ၂ နာရီတွင် တောင်ကြီးမြို့ အဝေရာကုန်းသာယာ မီးပုံးပျံကွင်း၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာကျော်ထွန်း တက်ရောက်ကြည့်ရှုအားပေးသည်။

ပြောကြား

ထမနဲထိုးပြိုင်ပွဲတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ယနေ့ကျင်းပသော စုပေါင်းထမနဲထိုးပြိုင်ပွဲကို မြန်မာလူမျိုးတို့၏ ယဉ်ကျေးမှုအစဉ်အလာကို ထိန်းသိမ်းခြင်းနှင့် ပြည်ထောင်စုတိုင်းရင်းသား ညီအစ်ကိုမောင်နှမများ၏ စည်းလုံးညီညွတ်မှုအားကို ဖော်ကျူးသည့် အနေဖြင့် လည်းကောင်း၊ အနာဂတ်မျိုးဆက်သစ် လူငယ်မောင်မယ်များ၏ စည်းလုံးညီညွတ်မှု အင်အားကို ဖော်ဆောင်သည့် အနေဖြင့်လည်းကောင်း၊ ကုသိုလ်ကောင်းမှုတစ်ရပ်အနေဖြင့် လည်းကောင်း၊ ရှမ်းပြည်နယ်အစိုးရ အဖွဲ့နှင့် ပြည်နယ်၊ ခရိုင်၊ မြို့နယ် အဆင့် ဌာနဆိုင်များနှင့် ပြည်သူများ အားလုံးစည်းလုံးညီညွတ်စွာ တစ်သားတည်းရှိနေသည့် ပြယုဂ်တစ်ခုအနေဖြင့် လည်းကောင်း စုပေါင်းထမနဲထိုးပြိုင်ပွဲ ကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဖဲကြိုးဖြတ်ဖွင့်လှစ်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူးနှင့် ပြည်နယ်လူမှုရေးရာဝန်ကြီးတို့က ထမနဲထိုးပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး ပြည်နယ်ဝန်ကြီးချုပ်က သေနတ်ပစ်ဖောက်၍ ထမနဲထိုးပြိုင်ပွဲကို စတင်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာကျော်ထွန်း၊ ပြည်နယ် ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ထမနဲထိုးပြိုင်ပွဲကို ကြည့်ရှုအားပေးကြသည်။

ဆုများပေးအပ်ချီးမြှင့်

ထို့နောက် ဆုချီးမြှင့်ပွဲ ကျင်းပရာ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက နှစ်သိမ့်ဆုရရှိသောအသင်းများကိုလည်းကောင်း၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဇော်မိုးက တတိယဆုရရှိသော ရှမ်းပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနကိုလည်းကောင်း၊ ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက ဒုတိယဆုရရှိသော စိန်ပန်းရုပ်ကွက်ကို လည်းကောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာကျော်ထွန်းက ပထမဆုရရှိသော ပြည်နယ်စာရင်းစစ်ချုပ်ရုံး ကိုလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲတွင် တောင်ကြီးမြို့ပေါ် ရပ်ကွက် ၂၂ ရပ်ကွက်၊ အေးသာယာ၊ ရွှေညောင်နှင့် ပြည်နယ်၊ ခရိုင်နှင့် မြို့နယ် ဌာနဆိုင်ရာ ၇၇ သင်း စုစုပေါင်း ၁၀၁ သင်း ပါဝင်ယှဉ်ပြိုင်ကြကြောင်း သိရသည်။ **သတင်းစဉ်**

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူဦးစီးဌာန(ရုံးချုပ်)၏ (၁၂)ကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူဦးစီးဌာန၏ (၁၂)ကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို နေပြည်တော် ဓနသိဒ္ဓိရပ်ကွက် ၈က ၁၀၀၀ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူဦးစီးဌာန ဝန်ထမ်းအိမ်ရာ၌ ယနေ့ ညနေပိုင်းက ကျင်းပရာ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူဦးစီးဌာန(ရုံးချုပ်)နှင့် ပြည်ထောင်စုနယ်မြေ(နေပြည်တော်) ဦးစီးမှူးရုံးတို့မှ ဝန်ထမ်းမိသားစု အသင်းပေါင်း ခုနစ်သင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ဖွင့်ပွဲတွင် ညွှန်ကြားရေးမှူးချုပ်က မြန်မာ့ရိုးရာအစဉ်အလာကို ထိန်းသိမ်းမြှင့်တင်ရန်၊ မြန်မာ့ရိုးရာ ထမနဲပွဲမှ သင်ခန်းစာဖော်ထုတ်၍ စည်းလုံးညီညွတ်မှု၊ ပူးပေါင်းစွမ်းဆောင်အားထုတ်မှုများဖြင့် ဌာနတိုးတက်အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းကြရန် တိုက်တွန်းမှာကြားပြီး အရာထမ်း၊ အမှုထမ်းမိသားစုများနှင့် ပြိုင်ပွဲဝင်အသင်း ခုနစ်သင်းတို့၏ အားကြိုးမာန်တက် ပျော်ရွှင်စွာ ထမနဲထိုးယှဉ်ပြိုင်မှုများကို လှည့်လည်ကြည့်ရှုအားပေးသည်။

ဆုများပေးအပ်ချီးမြှင့်

ပြိုင်ပွဲအပြီးတွင် ပထမဆုရရှိသည့် စီမံရေးရာဌာနအသင်း၊ ပူးတွဲဒုတိယဆုရရှိသည့် ကွန်ပျူတာဌာနနှင့် နေပြည်တော်ရုံးအသင်းတို့အား ညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း၊ နှစ်သိမ့်ဆုရရှိသည့် အသင်း လေးသင်းအား ဒုတိယညွှန်ကြားရေးမှူးချုပ်ကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်သည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှူဦးစီးဌာန(ရုံးချုပ်)၏ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို နေပြည်တော်၌ ၂၀၁၁ ခုနှစ်မှစ၍ နှစ်စဉ်ကျင်းပခဲ့ရာ ယခုပြိုင်ပွဲသည် (၁၂)ကြိမ်မြောက် ပြိုင်ပွဲဖြစ်ပြီး နောင်နှစ်များတွင်လည်း အစဉ်အလာကို ထိန်းသိမ်းလျက် ပုံမှန်ကျင်းပဆင်နွှဲသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

မြောင်းမြမြို့ ပညာရေးဒီဂရီကောလိပ်၌ လူငယ်စကားဝိုင်းကျင်းပ

မြောင်းမြ ဖေဖော်ဝါရီ ၃

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့၌ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ပညာရေးဒီဂရီကောလိပ်တို့ ပူးပေါင်း၍ လူငယ်စကားဝိုင်းကို ဇန်နဝါရီ ၃၁ ရက် နံနက် ၁၀ နာရီခွဲက ပညာရေးဒီဂရီကောလိပ် မြရတုခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြောင်းမြမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရိုင်အုပ်ချုပ်ရေးမှူး ဦးစန်းဌေးက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းက လူငယ်စကားဝိုင်း ဆောင်ရွက်ပေးရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းခဲ့သည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ မြောင်းမြခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်ခင်ဝေဝေမြင့်က ညှိနှိုင်းရေးမှူးအဖြစ် ဆောင်ရွက်၍ ဒုတိယနှစ်ကျောင်းသားမောင်ခန့်စည်သူက လူငယ်နှင့်ယဉ်ကျေးမှု၊ ပထမနှစ်ကျောင်းသူ မနှင်းဝေခိုင်က လူငယ်နှင့်မျိုးချစ်စိတ်၊ ဒုတိယနှစ်ကျောင်းသူ မဖူးပွင့်သိမ့်က လူငယ်နှင့် စာဖတ်ခြင်း၊ ပထမနှစ်ကျောင်းသား မောင်သန့်စင်အောင်က လူငယ်နှင့်ပညာရေးခေါင်းစဉ်များဖြင့် ဦးဆောင်ဆွေးနွေးကြပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းကြရာ ဆွေးနွေးသူကျောင်းသား ကျောင်းသူများက ပြန်လည်ဖြေကြားပြီး ပညာရေးဒီဂရီကောလိပ်မှ နည်းပြ ဒေါ်နွေဦးမေက ဖြည့်စွက်ဖြေကြားပေးသည်။

အခမ်းအနားတွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကျောင်းသား ကျောင်းသူများကို အသိပညာပေး နံရံကပ်စာစောင်များ ပြသထားရာ ကျောင်းသား ကျောင်းသူများက စိတ်ပါဝင်စားစွာ ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

မော်ဘီမြို့နယ်၌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကျင်းပ

မော်ဘီ ဖေဖော်ဝါရီ ၃

ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ်၌ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ယနေ့ နံနက်ပိုင်းက မော်ဘီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ရုံးဝင်းအတွင်း၌ ကျင်းပသည်။ ဦးစွာ မော်ဘီခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်နိုင်က အဖွင့်အမှာစကားပြောကြားပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၂) ဦးဝင်းစိုးက အမှတ်ပေးစည်းကမ်းချက်များ ရှင်းလင်းပြောကြား၍ ထမနဲထိုးပြိုင်ပွဲ စတင်ခဲ့သည်။

ထမနဲထိုးပြိုင်ပွဲတွင် မော်ဘီမြို့နယ်အတွင်းရှိရပ်ကွက်/ကျေးရွာအုပ်စု ၄၃ အုပ်စုမှ အုပ်ချုပ်ရေးမှူးများ ဦးဆောင်သော ပြိုင်ပွဲဝင် ၁၇ ဖွဲ့က ဝင်ရောက်ယှဉ်ပြိုင်ကြပြီး ဆုရရှိကြသော အဖွဲ့များအား တာဝန်ရှိသူများက ဆုများ ချီးမြှင့်ခဲ့ကြကြောင်း သိရသည်။

ဉာဏ်ဟိန်း

■

မြန်မာ – ရုရှား သံတမန်ဆက်ဆံရေး (၇၅) နှစ်မြောက် အထိမ်းအမှတ်ဆောင်းပါး

မြန်မာ့ပဒေသရာဇ် ခေတ်နှောင်းကာလ နယ်ချဲ့ကိုလိုနီစနစ်အား တွန်းလှန်ရန် ရုရှားနိုင်ငံနှင့် နှစ်နိုင်ငံဆက်ဆံရေးတည်ထောင်ရေး ကြိုးပမ်းခဲ့မှုများ

မောင်လွင်မြင့်

(ယမန်နေ့မှအဆက်)

၁၈၇၅ ခုနှစ်တွင် နိုင်ငံတကာရေးရာနှင့်ပတ်သက်၍ အတွေ့အကြုံရှိသူ ရုရှားလူမျိုး မစ္စတာ ဂျီ နဲ့နူကောဗ့် (Mr. G.Neniukov)အား မြန်မာ – ရုရှားဆက်ဆံရေး အကျိုးဆောင်အဖြစ် ဆောင်ရွက်ပေးရန် မြန်မာနိုင်ငံသို့ ရောက်ရှိစဉ် ချဉ်းကပ်ခဲ့သည်။ ၎င်း၏ အရှေ့တိုင်းခရီးစဉ်အတွင်း အိန္ဒိယနိုင်ငံ၏ အဓိကမြို့ကြီးများကို သွားရောက်လည်ပတ်ခဲ့ပြီးနောက် ၁၈၇၅ ခုနှစ် အစောပိုင်းတွင် မန္တလေးမြို့ရှိ အင်္ဂလိပ်ကိုယ်စားလှယ် ကပ္ပတိန်စထရိုဗာ (Captain Strover) ထံ ရောက်ရှိလာခဲ့သည်။ အင်္ဂလိပ်ကိုယ်စားလှယ်၏ အိမ်တွင်သာတည်းခိုခဲ့ပြီး မင်းတုန်းမင်း ရှေ့တော်သို့လည်း ဝင်ခဲ့သည်။

ဧည့်သည်များအကြား အပြန်အလှန် ဧည့်ဝတ်ကျေပွန်မှု ဖလှယ်ရန်သာအကြံပြုခဲ့

မင်းတုန်းမင်းက အလည်အပတ်လာရခြင်း၏ ရည်ရွယ်ချက်၊ မူရင်းတိုင်းပြည်နှင့် အမှုထမ်းသက် အစရှိသည်တို့ကို မေးမြန်းခဲ့သည်။ မစ္စတာ ဂျီ နဲ့နူကောဗ့်သည် မင်းတုန်းမင်း၊ ကင်းဝန်မင်းကြီးတို့နှင့် ရုရှား–မြန်မာ ဆက်ဆံရေးအတွက် ဆွေးနွေးခဲ့ကြပြီး ကင်းဝန်မင်းကြီးက မစ္စတာ ဂျီ နဲ့နူကောဗ့်ကို ရုရှားနိုင်ငံခြားရေးဝန်ကြီးထံသို့ စာတစ်စောင် သယ်သွားပေးရန် တောင်းဆိုခဲ့သည်။ ပြင်သစ်ဘာသာဖြင့် ရေးသားထားသော အဆိုပါစာတွင် “ရုရှားဘုရင် အလက်ဇန်းဒါး– ၂နှင့် ကြီးကျယ်ခမ်းနားသော ရုရှားနိုင်ငံနှင့် လူမျိုးတို့အပေါ် မင်းတုန်းမင်းကြီး၏ ခင်မင်ရင်းနှီးသော ခံစားချက်များ၊ တစ်နေ့တွင် ချစ်ကြည်ရင်းနှီးပြီး နှစ်ဖက်အပြန်အလှန် အကျိုးရှိသော ရုရှား–မြန်မာ ဆက်ဆံရေးကို ထူထောင်လိုသည့် ဆန္ဒများ” ကို ဖော်ပြခဲ့သည်။ နိုင်ငံခြားရေးဝန်ကြီး အလက်ဇန်းဒါး ဂေါ်ချာကော့ဖ်က ဇာဘုရင် အလက်ဇန်းဒါး –၂ ထံသို့ ထိုပေးစာကို ပြသခဲ့သော်လည်း ရုရှားနိုင်ငံခြားရေးဝန်ကြီး၏ ၁၈၇၆ ခုနှစ် ဇန်နဝါရီလ ၂၈ ရက်နေ့ ပြန်ကြားချက်တွင် မည်သည့် တရားဝင်သံတမန်ဆက်ဆံရေး ထူထောင်မှုကိုမျှ ရည်ညွှန်းခဲ့ခြင်းမရှိဘဲ ဧည့်သည်များအကြား အပြန်အလှန် ဧည့်ဝတ်ကျေပွန်မှု ဖလှယ်ရန်သာ အကြံပြုခဲ့သည်။

ရုရှားနှင့် မြန်မာနိုင်ငံအကြား ချစ်ကြည်ရေးကို စိတ်အားအထက်သန်ဆုံး အပြင်းအထန်မြှင့်တင်ပေးသူမှာ အရှေ့တိုင်းအကြောင်း စာရေးသော ရုရှားလူမျိုး ခရီးသွားတစ်ဦးဖြစ်သူ မစ္စတာပီအိုင်ပါရှင်နို(Mr. P.I. Pashino) ဖြစ်ပြီး ရုရှားအင်ပါယာအနေဖြင့် အရှေ့တောင်အာရှတွင် အထူးအခန်းကဏ္ဍမှ ပါဝင်နိုင်သည်ဟု ယုံကြည်ထားသူတစ်ဦးဖြစ်သည်။ ၎င်းသည် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန၏ အာရှဌာနတွင် တာဝန်ထမ်းဆောင်ခဲ့ပြီး ပါရှားတွင် ၁၈၆၁ ခုနှစ်နှင့် တာကစ်စတန်တွင် ၁၈၆၆–၁၈၆၇ ခုနှစ်တို့၌ တာဝန်ထမ်းဆောင်ခဲ့ပါသည်။

ဆိုဗီယက် စာရေးဆရာများက ၎င်းကို ရုရှားနိုင်ငံ၏ ဗဟိုအာရှ ကိုလိုနီပြုရေးလှုပ်ရှားမှုကို ဝေဖန်သူအဖြစ် သတ်မှတ်ကြသည်။ မစ္စတာပီအိုင်ပါရှင်နိုသည် အီဂျစ်၊ အိန္ဒိယ၊ မလေး၊ တရုတ်၊ ဂျပန်တို့ပါဝင်သည့် ၎င်း၏ ကမ္ဘာလှည့် ခရီးစဉ်အတွင်း မြန်မာနိုင်ငံ ရန်ကုန်မြို့သို့ ၁၈၇၆ ခုနှစ်တွင် ရောက်ရှိခဲ့သည်။ ဘုရင်နန်းစိုက်ရာ မန္တလေးမြို့သို့ ဆန်တက်သည့် ဧရာဝတီမြစ်ရိုးတစ်လျှောက်တွင် စိမ်းလန်းစိုပြည်သော အပူပိုင်းဒေသ သဘာဝပေါက်ပင်များ၊ တစ်မူထူးခြားသော ရွာများ၏ ရှုခင်းနှင့်မြို့တော်ဟောင်း အမရပူရ၏ သပွာယ်လှသော ဘုရားများနှင့် စေတီပုထိုးများကို တွေ့ခဲ့ရသည်။ မြန်မာနိုင်ငံရှိ နယ်ပယ်အမျိုးမျိုးမှ လူများနှင့် တွေ့ဆုံအပြီးတွင် ဗြိတိသျှတို့၏ ထိန်းချုပ်မှုကြောင့် အကျပ်အတည်းတွေ့ကြုံရသော မြန်မာတို့အပေါ် စာနာစိတ်ဝင်ခဲ့သည်။ မင်းတုန်းမင်းနှင့် တွေ့ဆုံအပြီးတွင် မင်းတုန်းမင်းကို အလွန်နှစ်သက်ခဲ့ပြီး ဥရောပလေ့ထုံးတမ်းများနှင့် အကျွမ်းဝင်သော အဆင့်မြင့် ပညာတတ်တစ်ဦးအဖြစ် ဖော်ပြခဲ့သည်။

တရုတ်နယ်စပ်သို့ မီးရထားလမ်းဖောက်လုပ်ရန် အကြံပြု

၎င်းနေထိုင်စဉ် ကာလအတွင်း မစ္စတာပီအိုင်ပါရှင်နိုသည် မင်းတုန်းမင်းကို ရုရှားနိုင်ငံနှင့် သံတမန်ရေးရာ ဆက်သွယ်ရာတွင် မည်သို့ဆောင်ရွက်ရမည်ကို အကြံပြုခဲ့ရုံသာမက မြန်မာနိုင်ငံ၏ နိုင်ငံရေးနှင့် စီးပွားရေး လွတ်လပ်မှုတို့ကို ထိန်းသိမ်းရန် နည်းလမ်းများကိုပါ အကြံပြုခဲ့သည်။ ဗြိတိသျှတို့က ပင်လယ်ဆိပ်ကမ်းများနှင့် အောက်မြန်မာပြည်ကို ထိန်းချုပ်ထားသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာနှင့် ကုန်သွယ်ဆက်ဆံရေးအတွက် အရှေ့မြောက်အရပ်ရှိ တရုတ်နယ်စပ်သို့ မီးရထားလမ်းဖောက်လုပ်ရန် အကြံပြုခဲ့သည်။

ရေရှည်အနေဖြင့် ထိုရထားလမ်းမှ သည် တရုတ်ကိုဖြတ်၍ ရုရှားနိုင်ငံနှင့် ချိတ်ဆက်မိရန် မျှော်လင့်ခဲ့သည်။

> **“၁၈၇၆ ခုနှစ် နိုဝင်ဘာတွင် မင်းတုန်းမင်းနှင့် ကင်းဝန်မင်းကြီးတို့က ရုရှားနိုင်ငံခြားရေးဝန်ကြီးနှင့် ရုရှားစစ်ဘက်ရေးရာဝန်ကြီးထံတို့သို့ ပေးပို့သည့် စာနှစ်စောင်ကို မစ္စတာပီအိုင်ပါရှင်နိုထံသို့ အပ်နှံခဲ့သည်။ ပထမစာတွင် ရုရှားနှင့် မြန်မာနိုင်ငံတွင် ကောင်စစ်ဝန်ရုံးများတည်ထောင်ရန် တောင်းဆိုခဲ့။ ဒုတိယစာတွင် မြန်မာလူငယ်များအား ရုရှားနိုင်ငံရှိ စစ်သင်တန်းကျောင်းများတွင် တက်ရောက်ရန် တရားဝင်ခွင့်ပြုချက် တောင်းခံထားပြီး မြန်မာအစိုးရ၏ လက်နက်ထုတ်လုပ်ရေးနှင့် စစ်ဘက်ဆိုင်ရာ ညွှန်ကြားမှုများတွင်ကူညီရန် စွမ်းရည်ရှိသော ရုရှားအရာရှိတစ်ဦးကို စေလွှတ်ပေးရန် တောင်းဆိုခဲ့”**

၁၈၇၆ ခုနှစ် နိုဝင်ဘာတွင် မင်းတုန်းမင်းနှင့် ကင်းဝန်မင်းကြီးတို့က ရုရှားနိုင်ငံခြားရေးဝန်ကြီး အလက်ဇန်းဒါး ဂေါ်ချာကော့ဖ် (Alexander Gorchakov)နှင့် ရုရှားစစ်ဘက်ရေးရာဝန်ကြီး ဒီမီထရီမီလီယူတင် (Dmitry Milyutin)တို့ထံသို့ ပေးပို့သည့် စာနှစ်စောင်ကို မစ္စတာပီအိုင်ပါရှင်နိုထံသို့ အပ်နှံခဲ့သည်။ ပထမစာတွင် ရုရှားနှင့် မြန်မာနိုင်ငံတွင် ကောင်စစ်ဝန်ရုံးများ တည်ထောင်ရန် တောင်းဆိုခဲ့ပြီး မြန်မာအစိုးရ၏ ဖော်ရွေမှုနှင့် ပူးပေါင်းဆောင်ရွက်မှုကို သက်သေပြသည့်အနေဖြင့် ရုရှားခရီးသွားများအပေါ် ဧည့်ဝတ်ကျေပွန်မှုများကို အကိုးအကားပြုခဲ့သည်။ ဒုတိယစာတွင် မြန်မာလူငယ်များအား ရုရှားနိုင်ငံရှိ စစ်သင်တန်း ကျောင်းများတွင် တက်ရောက်ရန် တရားဝင်ခွင့်ပြုချက် တောင်းခံထားပြီး မြန်မာအစိုးရ၏ လက်နက်ထုတ်လုပ်ရေးနှင့် စစ်ဘက်ဆိုင်ရာညွှန်ကြားမှုများတွင် ကူညီရန် စွမ်းရည်ရှိသော ရုရှားအရာရှိတစ်ဦးကို စေလွှတ်ပေးရန် တောင်းဆိုခဲ့သည်။

ထိုစာကို ရရှိသည့်အချိန်တွင် ရုရှားနိုင်ငံခြားရေးဝန်ကြီးဌာန အာရှဌာနတွင် အလုပ်လုပ်နေသည့် မစ္စတာအင်နံ ဂျီ ဂျီယာ့စ် (နောင်တွင် နိုင်ငံခြားရေးဝန်ကြီး Mr. N. G. Giers) (၁၈၈၂–၁၈၉၅) က မြန်မာ၏တောင်းဆိုချက်သည် ဗြိတိသျှတို့ကို ထိတ်လန့်သွားစေနိုင်ကြောင်း သတိပေးပြောကြားခဲ့ပြီး ပြန်စာကို မြန်မာ၏ တောင်းဆိုမှုနှင့်ပတ်သက်ပြီး အသေးစိတ်အချက်အလက်များ သိရှိရသည်အထိ ဆိုင်းငံ့ထားရန် ရုရှားစစ်ဘက်ရေးရာဝန်ကြီး ဒီမီထရီမီလီယူတင်ကို အကြံပြုခဲ့သည်။

သို့သော်လည်း နိုင်ငံခြားရေးဝန်ကြီးသည် မစ္စတာအင်နံ ဂျီ ဂျီယာ့စ်နှင့်တိုင်ပင်ပြီးနောက် ရုရှားကာကွယ်ရေးဝန်ကြီး ဒီမီထရီမီလီယူတင်အား ကင်းဝန်မင်းကြီးထံသို့ သင့်လျော်စွာ အကြောင်းပြန်စေခဲ့သည်။ ထိုပြန်စာတွင် ရုရှားအနေဖြင့် မြန်မာလူငယ်များကို သိပ္ပံနှင့် စက်မှုပညာများသင်ကြားရန် ဖော်ရွေစွာကြိုဆိုသွားမည်ဖြစ်ကြောင်း ရေးသားဖော်ပြခဲ့သည်။ သို့သော် မည်သည့်အကြောင်းကြောင့်မှန်းမသိ ဤအဆိုပြုချက်ကို အကောင်အထည် မဖော်နိုင်ခဲ့ပေ။ ဤအချိန်တွင် ပြင်သစ်တို့သည် မြန်မာ့အရေးတွင် ပိုမိုတက်ကြွသော အင်အားစုတစ်ခုအဖြစ် ပေါ်ထွန်းလာခြင်းကြောင့် အုပ်ချုပ်သူ အသိုင်းအဝိုင်းများအနေဖြင့် သံတမန်ရေးအကူအညီအတွက် ပြင်သစ်တို့ထံမှ နည်းလမ်းရှာဖွေရန် အလေးသာခဲ့ဟန်ရှိသည်။ ရုရှားအရာရှိများသည် မြန်မာနိုင်ငံကို ပထဝီဝင်အနေအထားအရ ရုရှားအင်ပါယာမှ ဝေးကွာလွန်းသည်ဟု ရှုမြင်နေကြဆဲဖြစ်ပြီး မြန်မာ့အရေးတွင် ပါဝင်ပတ်သက်မှုကြောင့် ဗြိတိန်၊ ပြင်သစ်တို့နှင့် နားလည်မှုလွဲမှားမည်ကို စိုးရိမ်ခဲ့ကြသည်။

ဥရောပနှင့် ရုရှားတို့၏ အကူအညီကို ပြတ်ပြတ်သားသား တောင်းခံခဲ့

မင်းတုန်းမင်းသည် နတ်ရွာစံချိန် (၁၈၇၈ ခုနှစ်)အထိ ရုရှားနိုင်ငံနှင့် ဆက်ဆံရေးထူထောင်ရန် ကြိုးပမ်းခဲ့ပြီး မဟာပီတာအပေါ် လေးစားမှုကို ပြသခဲ့သည်။ ၎င်းကို ဆက်ခံသူ သီပေါမင်း (၁၈၇၈–၁၈၈၅) သည် ဗြိတိသျှတို့၏ ထိန်းချုပ်မှုကို တန်ပြန်ရန် ဥရောပနှင့် ရုရှားတို့၏ အကူအညီကို ပြတ်ပြတ်သားသား တောင်းခံခဲ့သော်လည်း ၁၈၈၀ ပြည့်နှစ်ကာလများအစတွင် မြန်မာ ဘုရင်စနစ်၏ သြဇာအာဏာ အားနည်းသွားခြင်းနှင့် ၁၈၈၅ ခုနှစ်တွင် စီးပွားရေးအကျပ်အတည်းများ ဆက်တိုက်ဖြစ်ပွားခဲ့ပြီး အထက်မြန်မာပြည်ကို အင်္ဂလိပ်တို့ သိမ်းပိုက်ခဲ့၍ ကုန်းဘောင်မင်းဆက် ဆုံးခန်းတိုင်ခဲ့ရသည်။

မြန်မာနိုင်ငံ ဗြိတိသျှကိုလိုနီဖြစ်ပြီး နောက်တွင်ပင် ရုရှားခရီးသွားများသည် မြန်မာနိုင်ငံသို့ ဆက်လက်သွားရောက်ခဲ့ကြပြီး ၎င်းတို့၏ရေးသားမှုများတွင် ဗြိတိန်ကို ပြိုင်ဘက်နယ်ချဲ့အင်အားကြီးအဖြစ် ဝေဖန်အကဲဖြတ်မှုများ ပါရှိသည်။

မြန်မာနိုင်ငံတွင် ရုရှားကောင်စစ်ဝန်ရုံး တည်ထောင်ရေးနှင့်ပတ်သက်ပြီး ၁၈၉၉ ခုနှစ်တွင်မူ ဗြိတိသျှတို့က ရုရှားတို့အနေဖြင့် အီကွတ်(Irkutsk)နှင့် စမာကန် (Samarkand) မြို့များတွင် ဗြိတိသျှကောင်စစ်ဝန်ရုံးများ တည်ထောင်ခွင့်ပြုပါက မြန်မာနိုင်ငံတွင် ရုရှားကောင်စစ်ဝန်ရုံး တည်ထောင်ခွင့်ပြုမည်ဟု ကမ်းလှမ်းခဲ့သည်။

စာမျက်နှာ ၇ သို့ »»

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာကျော်ထွန်း (၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲသို့တက်ရောက်

တောင်ကြီး ဖေဖော်ဝါရီ ၃

၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ရှမ်းပြည်နယ်နေ့ အထိမ်းအမှတ် ဂေါက်သီးရိုက်ပြိုင်ပွဲဖွင့်ပွဲကို ယနေ့နံနက် ၇ နာရီတွင် တောင်ကြီးမြို့ တောင်ကြီး ဂေါက်ကလပ်၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေးက မြန်မာ့ဂေါက်သီးအားကစား အဆင့်အတန်းမြင့်မားလာစေရန်၊ ဂေါက်သီးအားကစားသမားအချင်းချင်း ချစ်ကြည်ရင်းနှီးမှုရရှိစေရန်၊ မြန်မာနိုင်ငံ ဂေါက်သီးအဖွဲ့ချုပ်နှင့် ချိတ်ဆက်၍ ရှမ်းပြည်နယ် ဂေါက်သီးအားကစားတိုးတက်ရေး ညှိနှိုင်းဆောင်ရွက်ရန်နှင့် ဂေါက်သီးအားကစား ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများအတိုင်း စနစ်တကျ ကစားနိုင်ရန် ရည်ရွယ်ချက်များဖြင့် ပြိုင်ပွဲကို ကျင်းပခြင်းဖြစ်ပါကြောင်း နူတ်ခွန်းဆက်စကား ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဒေါက်တာကျော်ထွန်း၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ဇော်အေး၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် ဝင်းဇော်မိုး၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးစိန်ဝင်း၊ ပြည်နယ်အစိုးရအဖွဲ့ အတွင်းရေးမှူး ဦးစိုင်းသော်ဝင်းတို့က SMOKE BALLကို ရိုက်၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာကျော်ထွန်း၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများသည် ပြိုင်ပွဲဝင်အသင်းများအား ရင်းရင်းနှီးနှီး လိုက်လံနူတ်ဆက်ကြပြီး ပြိုင်ပွဲစတင်ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးကြသည်။ **သတင်းစဉ်**

မြေပြင်ကွင်းဆင်းစာရင်းကောက်ယူရေး ကြီးကြပ်မှုဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး (၁/၂၀၂၃) ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှု ဗဟိုကော်မတီ လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၃)ကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးတွင် မြေပြင်ကွင်းဆင်း စာရင်းကောက်ယူရေးကြီးကြပ်မှုဗဟိုကော်မတီ ဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်က အထွေထွေရွေးကောက်ပွဲ ကျင်းပနိုင်ရန် ကောက်ယူရရှိသော လူဦးရေစာရင်း အချက်အလက်များကို တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းများ စုစည်း၍ ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များအတိုင်း ဆက်လက်စိစစ်ဆောင်ရွက်နေသည့် ကာလဖြစ်ကြောင်း။

မြေပြင်ကွင်းဆင်း စာရင်းကောက်ယူမှုနှင့် ပတ်သက်၍ တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် e-ID Software တွင် ထည့်သွင်းပြီးဖြစ်သည့် အိမ်ထောင်စုလူဦးရေ စာရင်းစုစုပေါင်း ၁၃ ဒသမ ၅ သန်းကျော်ရှိရာ ယခု မြေပြင်ကွင်းဆင်း၍ လက်ရှိ အိမ်ထောင်စုပုံစံဖြင့် တိုက်ဆိုင်စစ်ဆေးကောက်ယူခဲ့သည့် အိမ်ထောင်စု ၁၁ ဒသမ ၇ သန်းကျော်၊ အခြားဒေသမှ အိမ်ထောင်စုစာရင်းသာရှိသူများ၊ လက်ရှိအိမ်ထောင်စုစာရင်းမရှိသူများ အလွတ်ပုံစံများဖြင့်ကောက်ယူခဲ့သည့်အိမ်ထောင်စု ၂ ဒသမ ၈ သန်းကျော်ကို ကောက်ယူနိုင်ခဲ့ကြောင်းနှင့်လုပ်ငန်းဆောင်ရွက်ပြီးစီးမှုပမာဏ ၈၆ ဒသမ ၇ ရာခိုင်နှုန်း ကောက်ယူနိုင်ခဲ့ကြောင်း၊ အိမ်ထောင်စုတစ်သန်း ခုနစ်သိန်းကျော် ကောက်ယူရန် ကျန်ရှိနေသေးသည်ကို တွေ့ရကြောင်း။

သက်ဆိုင်ရာ မြို့နယ်ဦးစီးမှူးရုံးများတွင် စာရင်းရေးသွင်းပြုစုပြီးဖြစ်သည့် e-ID Software နှင့် ချိတ်ဆက်ကာ မြေပြင်နှင့် ကွဲလွဲနေသည့် အချက်အလက်များ ဖြည့်သွင်းပြင်ဆင်သည့် လုပ်ငန်းကိုလည်း တစ်ပြိုင်တည်း ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ ထို့ပြင် လူဦးရေစာရင်းနှင့်အတူ ကောက်ယူခဲ့သည့် မသန်စွမ်းငါးမျိုးစာရင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ သက်ဆိုင်ရာ ခရိုင်ဦးစီးမှူးရုံးများသို့ လွှဲပြောင်းပေးအပ်နိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း။

ဆောင်ရွက်ပြီးစီးသည့် စာရင်းဇယား၊ အချက်အလက်များအပေါ် မူတည်၍ မဲပေးရန် အသက်ပြည့်မီသည့် မဲပေးပိုင်ခွင့်ရှိသူ လူဦးရေကို ၂၀၂၃ ခုနှစ် မတ်လအတွင်း ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သို့ အချိန်နှင့်တစ်ပြေးညီ ဆက်လက်ပေးပို့ ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် စာရင်းကောက်ယူရန် ကျန်ရှိနေသည့် ဒေသများသို့ လိုအပ်သည့်လုံခြုံရေးနှင့် အုပ်ချုပ်ရေးဆိုင်ရာကိစ္စရပ်များဖြည့်ဆည်းကာ နည်းလမ်းမျိုးစုံအသုံးပြု၍ ဆက်လက်ကွင်းဆင်းကောက်ယူနိုင်ရေးနှင့် မြေပြင်ကွင်းဆင်း ကောက်ယူနိုင်ရေး လုပ်ငန်းစဉ်တစ်ခုလုံးကို လူဦးရေစာရင်းများ ထုတ်ပြန်နိုင်သည်အထိ ပြီးမြောက်အောင်မြင်စေရေး ဦးဆောင်မှုပေး၍ အနီးကပ်ကြီးကြပ်ကွပ်ကဲ စီမံဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ကြီးကြပ်မှုဗဟိုကော်မတီဝင်များ ဖြစ်ကြသည့် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် ကော်မတီဝင် ကိုယ်စားလှယ်များက ပြည်ထောင်စုနယ်မြေ (နေပြည်တော်)နှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် လူဦးရေစာရင်း မှန်ကန်စေရေးအတွက် မြေပြင်ကွင်းဆင်းစာရင်းကောက်ယူခဲ့မှုနှင့် တွေ့ကြုံရသည့် အခက်အခဲများ၊ စာရင်းကောက်ယူရန် ကျန်ရှိနေသည့်ဒေသများနှင့် ဆက်လက်ကွင်းဆင်း ကောက်ယူသွားမည့်အစီအစဉ်များ၊ လဝက မြို့နယ်ဦးစီးမှူးရုံးများတွင် e-ID Software ဖြင့် အချက်အလက်များ ပြင်ဆင်၊ ဖြည့်စွက်၊ ပယ်ဖျက်ခြင်း လုပ်ငန်းများ အချိန်မီပြီးစီးနိုင်ရေး ဆောင်ရွက်သွားမည့် အစီအစဉ်များနှင့် ဗဟိုကော်မတီက ဖြည့်ဆည်းပေးရန် လိုအပ်ချက်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ရှင်းလင်း တင်ပြချက်များနှင့် စပ်လျဉ်း၍ ကြီးကြပ်မှုဗဟိုကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးကြပြီး ကြီးကြပ်မှုဗဟိုကော်မတီ ဥက္ကဋ္ဌက နိဂုံးချုပ်အမှာစကား ပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သိရသည်။ **သတင်းစဉ်**

»» **စာမျက်နှာ ၆ မှ**

ထိုအချိန် ရန်ကုန်တွင် ရုရှားသင်္ဘော အနည်းငယ်မျှသာ အဝင်အထွက်ရှိသည့်အတွက် ရုရှားကောင်စစ်ဝန်ရုံးဆောက်လုပ်ရန် မလိုအပ်သေးကြောင်း ရုရှားအစိုးရအနေဖြင့် စဉ်းစားခဲ့သည်။ သို့သော် နောက်ပိုင်းတွင် ရုရှားသင်္ဘော်ကပ္ပတိန်များကို ကူညီပေးလျက်ရှိသည့် ဂျာမန်လူမျိုး မစ္စတာဖော်ကယ် (Mr. Fokke)အား ဒုတိယကောင်စစ်ဝန်အဖြစ် ခန့်အပ်ခဲ့သည်။ ထိုအချိန်ကာလက ရုရှားနှင့် မြန်မာအကြား ပုံမှန်ကုန်သွယ်မှုရှိခဲ့သော်လည်း အဓိကကုန်မှာ ရေနံဆီသာဖြစ်သည်။ သို့သော် ထိုအချိန်က ရုရှားနိုင်ငံ၏ ကုန်သွယ်ရေကြောင်း အကျိုးစီးပွားအများစုမှာ ၎င်းတို့၏ အရှေ့ဘက်သို့ ရေတပ်ချဲ့ထွင်မှု၊ မန်ချူးရီးယားသို့ ချဲ့ထွင်မှု၊ တရုတ်နိုင်ငံ ဆက်ဆံရေးနှင့် ပိုမိုဆက်စပ်နေသော ထိုင်းနိုင်ငံနှင့် စင်ကာပူတစ်ပိုက်ရှိ ရေလက်ကြားများသို့သာ ကူးပြောင်းသွားခဲ့သည်။

အထက်ဖော်ပြပါ အကြောင်းအရာတို့ကား ရှေးမြန်မာပဒေသရာဇ်စနစ်၏ နောက်ဆုံးမင်းဆက်ဖြစ်သော ကုန်းဘောင်မင်းဆက်ကာလအတွင်း ထိုစဉ်က ရုရှားဘုရင့်ပဒေသရာဇ်နိုင်ငံနှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးသော ဆက်ဆံရေးတည်ဆောက်ရန် ကြိုးစားခဲ့ပုံများကို စာရွက်စာတမ်း အထောက်အထားများအရ တင်ပြခဲ့ခြင်းဖြစ်သည်။

မြန်မာနိုင်ငံ၏ နယ်ချဲ့ကိုလိုနီစနစ်ကို တွန်းလှန်ရန်ကြိုးပမ်းခဲ့သည့် သမိုင်းကြောင်းတွင် ရုရှားနိုင်ငံနှင့် သံတမန်ဆက်ဆံရေး တည်ထောင်နိုင်ရေး ရှေးမြန်မာပဒေသရာဇ်စနစ်၏ ဘုရင်နှင့် မှူးမတ်များက အားထုတ်ကြိုးပမ်းခဲ့မှုသည်လည်း အရေးပါသောအခန်းကဏ္ဍမှ ပါဝင်ခဲ့ကြောင်း၊ ထိုခေတ်အခါက ပထဝီနိုင်ငံရေးအခြေအနေကြောင့်သာ အောင်မြင်မှုအနည်းငယ်သာ ရရှိခဲ့ခြင်းဖြစ်ကြောင်း ထပ်လောင်းရေးသားတင်ပြရင်း ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလ ၁၈ ရက်နေ့တွင် ကျရောက်သော မြန်မာ-ရုရှား နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်သည့် (၇၅)နှစ်မြောက် စိန်ရတု နေ့ထူးနေ့မြတ်ကို ကြိုဆိုဂုဏ်ပြုအပ်ပါသည်။ ။

ရည်ညွှန်းကိုးကား

- **ဦးအောင်ဇေယျအတ္ထုပ္ပတ္တိ (မဟာဘိသက္က ပဏ္ဍိတဘွဲ့ခံ၊ ပါဠိဆရာကြီး ဦးစော၊ စာ-၄၈)**
- **ပေးစာ(မူရင်း) (အဂ္ဂမဟာသေနာပတိ အရေးပိုင်ဝန်ရှင်တော်၊ လယ်ကိုင်းမြို့စား သေနတ်ဝန် ကင်းဝန်မင်းကြီး မင်းသတိုးမင်းကြီး မဟာမင်းလှစည်သူကျော်က အာမေးနီးယား သာသနာပိုင် ဘုန်းတော်ကြီး ဂျီဗို့ဂ်-၄ (Gevorg-IV)ထံ ပေးပို့သည့်စာ)**
- **"Russian as the 'Western Other' in Southeast Asia; Encounters of Russian Travelers in the Second Half of the Nineteenth Century" ဆောင်းပါးရှင် K.A. snow, Russia Review Journal (Vol.71, No.2 April 2012)**

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက် SKYNET ရုပ်သံထုတ်လွှင့်ရေးလုပ်ငန်းများဆောင်ရွက်နေမှု ကြည့်ရှုအားပေး

ရန်ကုန် ဖေဖော်ဝါရီ ၃

ပြန်ကြားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ ဗိုလ်တထောင်မြို့နယ်ရှိ ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက် SKYNET ရုံးချုပ်တွင် Myanmar International Radio နှင့် SKYNet TV အစီအစဉ် ထုတ်လွှင့်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းအား ရွှေသံလွင်မီဒီယာကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးတင်ဆန်းက လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြစဉ်။

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးအား ရွှေသံလွင်ကုမ္ပဏီမှ ဦးမင်းမင်းနှင့် ဦးတင်ဆန်းတို့က Myanmar International Radio ကို FM စနစ်ဖြင့် နေ့စဉ် နံနက် ၆ နာရီမှ ည ၁၂ နာရီအထိ နေ့စဉ် ၁၈ နာရီ ထုတ်လွှင့်နေမှု အခြေအနေ၊ ဝန်ထမ်းရေးရာများနှင့် အုပ်ချုပ်မှုဆိုင်ရာများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးပြီး MIR Studio အတွင်းရှိ လုပ်ငန်းဆောင်ရွက်မှုများကို လိုက်လံကြည့်ရှုရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်း ပြသကြသည်။

ထို့နောက်ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် Myanmar International Radio တွင် စတူဒီယို(A)၊ စတူဒီယို(B)၊ အသံပိုင်းဆိုင်ရာ စတူဒီယို၊ အသံသွင်းစတူဒီယိုနှင့် အသံတည်းဖြတ်မှု စတူဒီယိုတို့၏ လုပ်ငန်း ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုသည်။

ယင်းနောက် ရွှေသံလွင်ကုမ္ပဏီ လီမိတက်မှ ဒါရိုက်တာ ဦးတင်ဆန်းက ကုမ္ပဏီ၏သမိုင်းကြောင်းနှင့် လက်ရှိ ဆောင်ရွက်နေမှုတို့ကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက MIR FM အနေဖြင့် ပြည်တွင်းမှ ပကတိအခြေအနေ သတင်းမှန်များကို အင်္ဂလိပ်ဘာသာပြန်ဆို၍ ထုတ်လွှင့်တင်ဆက်မှုကို ယခုထက်ပိုမိုလျင်မြန်ထိရောက်စွာ ထုတ်လွှင့်တင်ဆက်နိုင်ရေး၊ သတင်းမှန်များကို မီဒီယာကျင့်ဝတ်နှင့်အညီ လျင်မြန်စွာ ထုတ်လွှင့်နိုင်မှုဖြင့် သတင်းတု၊ သတင်းမှား၊ သတင်းယောင် ထုတ်လွှင့်နေမှုများကို တုံ့ပြန်ရှင်းလင်းနိုင်ရေး၊ ပြည်သူတို့၏ သတင်းသိရှိပိုင်ခွင့်အပေါ် နိုင်ငံနှင့် နိုင်ငံသားတို့၏အကျိုးကို ရှေးရှု၍ စိတ်ကောင်းစေတနာဖြင့် ကြိုးစား ဖြည့်ဆည်းဆောင်ရွက်ပေးရေးတို့နှင့် စပ်လျဉ်း၍ လမ်းညွှန်မှာကြားခဲ့သည်။

ရွှေသံလွင် ကုမ္ပဏီလီမိတက်သည် MIR FM ထုတ်လွှင့်၍ ပြည်သူကို ဝန်ဆောင်မှုပေးခဲ့သည်မှာ ၂၀၂၃ ခုနှစ် ဇွန် ၁ရက်တွင် ငါးနှစ်တာကာလသို့ ဝင်ရောက်ခဲ့ပြီဖြစ်ပြီး ရွှေFM ရေဒီယိုအဖြစ် နာဂစ်ကာလမှ စတင်ထုတ်လွှင့်ခဲ့သည်။ တီဗီ ချန်နယ်အပိုင်းတွင် ၂၀၁၀ ပြည့်နှစ်မှ စတင်ထုတ်လွှင့်ခဲ့ပြီး နိုင်ငံခြား ဘောလုံးပွဲစဉ်များနှင့် အားကစားပွဲစဉ်များ၊ ပြည်တွင်း အားကစားပွဲစဉ်များ၊ နိုင်ငံခြား ဇာတ်လမ်းများအပါအဝင် ရုပ်သံလိုင်းပေါင်း ၈၀ တွင် နိုင်ငံတကာ ချန်နယ် ၃၃ ခုကို ထုတ်လွှင့်ပြသ လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

သီရိလင်္ကာဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ (၇၅)နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ်ဧည့်ခံပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

သီရိလင်္ကာဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ (၇၅) နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ဧည့်ခံပွဲ အခမ်းအနားကို ယနေ့ ညနေ ၆ နာရီတွင် ရန်ကုန်မြို့ Pan Pacific Hotel ၌ကျင်းပသည်။

ဦးစွာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Joyasingbe Mudhiyan selage Janaka Priyantha Bandaraနှင့်ဇနီး၊ မြန်မာနိုင်ငံဆိုင်ရာ ရုရှားနိုင်ငံသံအမတ်ကြီး H.E. Mr. Nikolay LisTopaDov နှင့်တာဝန်ရှိသူများက သီရိလင်္ကာဒီမိုကရက်တစ်သမ္မတနိုင်ငံ၏ (၇၅) နှစ်မြောက် အမျိုးသားနေ့အထိမ်းအမှတ် ဆီမီးထွန်းညှိပေးကြသည်။

ထို့နောက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သီချင်းနှင့် သီရိလင်္ကာဒီမိုကရက်တစ်သမ္မတနိုင်ငံတော်သီချင်းတို့ဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ သီရိလင်္ကာဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီးနှင့် ပြည်ထောင်စုဝန်ကြီး ဦးကိုကိုတို့က နှုတ်ခွန်းဆက်စကားပြောကြားကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်ကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး၊ သံအမတ်ကြီးနှင့်၎င်းတို့၏ဇနီးတို့သည် ဧည့်ခံပွဲသို့တက်ရောက်လာကြသူများနှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် သံအမတ်ကြီးနှင့်ဇနီးတို့က ဧည့်ခံပွဲသို့တက်ရောက်လာကြသူများကို ဂုဏ်ပြုညစာဖြင့်

တည်ခင်းဧည့်ခံပြီး သီရိလင်္ကာဒီမိုကရက်တစ်သမ္မတနိုင်ငံယဉ်ကျေးမှု အကအဖွဲ့ဝင်များက ယဉ်ကျေးမှုအကများဖြင့် ကပြဖျော်ဖြေကြသည်။

အခမ်းအနားသို့ ရန်ကုန်မြို့ရှိ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးယာယီတာဝန်ခံများ၊ ကုလသမဂ္ဂဆိုင်ရာ ဌာနေကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

သတင်းစဉ်

အခြေခံပညာမူလတန်းကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုသင်တန်းဆင်းပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် အခြေခံပညာမူလတန်းကျောင်းအုပ်ကြီးများ စီမံခန့်ခွဲမှုသင်တန်းအမှတ်စဉ်(၁/၂၀၂၃) သင်တန်းဆင်းပွဲ အခမ်းအနားကို ယနေ့နံနက် ၉ နာရီတွင် အခြေခံပညာဦးစီးဌာန ပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း(ရန်ကုန်)ရှိ ပညာရတနာခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်း၊ ပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း(ရန်ကုန်)မှ ကျောင်းအုပ်ကြီးနှင့် ဒုတိယကျောင်းအုပ်ကြီးများ၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဌာနမှူးများ၊ လက်ထောက်ကထိကများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ပထမဆုရရှိသည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဝမ်မိုင်-၁ အခြေခံပညာမူလတန်းကျောင်းမှ ဦးဇော်လင်းအောင်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ခမရ-၂၁၃ အခြေခံပညာမူလတန်းကျောင်းမှ ဒေါ်တင်ဇာနွယ်၊ တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ဝါးတောအခြေခံပညာမူလတန်းကျောင်းမှ ဒေါ်ကေသီရဲထွဋ်၊ ဖူဆယ်ပြိုင်ပွဲထူးချွန်ဆု၊ ကာယလေ့ကျင့်ခန်း အတွဲအမှတ်(၄) အမျိုးသမီးပြိုင်ပွဲထူးချွန်ဆု၊ ပိုက်ကျော်ပညာရေးမှူးရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်း၊ ပညာရေးစီမံခန့်ခွဲမှုသင်တန်းကျောင်း(ရန်ကုန်)မှ ကျောင်းအုပ်ကြီးနှင့် ဒုတိယကျောင်းအုပ်ကြီးများ၊ လက်ထောက်ညွှန်ကြားရေးမှူးနှင့် ဌာနမှူးများ၊ လက်ထောက်ကထိကများနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးကျော်မိုးထွန်းက အမှာစကားပြောကြားပြီး တာဝန်ရှိသူများက ပထမဆုရရှိသည့် ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ် ဝမ်မိုင်-၁ အခြေခံပညာမူလတန်းကျောင်းမှ ဦးဇော်လင်းအောင်၊ ဒုတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး လှည်းကူးမြို့နယ် ခမရ-၂၁၃ အခြေခံပညာမူလတန်းကျောင်းမှ ဒေါ်တင်ဇာနွယ်၊ တတိယဆုရရှိသည့် ရန်ကုန်တိုင်းဒေသကြီး ကွမ်းခြံကုန်းမြို့နယ် ဝါးတောအခြေခံပညာမူလတန်းကျောင်းမှ ဒေါ်ကေသီရဲထွဋ်၊ ဖူဆယ်ပြိုင်ပွဲထူးချွန်ဆု၊ ကာယလေ့ကျင့်ခန်း အတွဲအမှတ်(၄) အမျိုးသမီးပြိုင်ပွဲထူးချွန်ဆု၊ ပိုက်ကျော်ခြင်း ထူးချွန်ဆုနှင့် ဘော်လီဘောထူးချွန်ဆု ရရှိကြသူများကို ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ကြသည်။

ထို့နောက် သင်တန်းသား သင်တန်းသူများ ကိုယ်စား သင်တန်းသားတစ်ဦးနှင့် သင်တန်းသူတစ်ဦးတို့က ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

သင်တန်းကို စီမံခန့်ခွဲရေး၊ အုပ်ချုပ်ရေးနှင့် ရုံးလုပ်ငန်းပိုင်းဆိုင်ရာ လုပ်ငန်းများကို တာဝန်ယူဆောင်ရွက်ရသည့်အရာရှိများ လုပ်ငန်းစွမ်းဆောင်ရည် ပိုမိုမြင့်မားလာစေရန်၊ ဘဏ္ဍာရေးဆိုင်ရာ ကိစ္စရပ်များကို တတ်ကျွမ်းနားလည်စွာ ဆောင်ရွက်တတ်စေရန်နှင့် သင်ကြားသင်ယူမှု ဆိုင်ရာလုပ်ငန်းများ၊ မူဝါဒ၊ စီမံကိန်းဆိုင်ရာလုပ်ငန်းများ၊ ကွန်ပျူတာနှင့် ICT လုပ်ငန်းများ ပိုမိုတတ်ကျွမ်းနားလည်လာစေရန်အတွက် ပို့ချခဲ့ခြင်းဖြစ်သည်။

အဆိုပါသင်တန်းကို ဇန်နဝါရီ ၉ ရက်မှ ဖေဖော်ဝါရီ ၃ ရက်အထိ ၂၆ ရက်ကြာ ဖွင့်လှစ်ခဲ့ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ အခြေခံပညာမူလတန်းကျောင်းအုပ်ကြီး ၂၉၈ ဦး တက်ရောက်ခဲ့သည်။

သတင်းစဉ်

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ မြန်မာ့ရိုးရာ စုပေါင်းထမနဲထိုးပြိုင်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဝန်ထမ်းမိသားစုများ၏ မြန်မာ့ရိုးရာ စုပေါင်းထမနဲထိုးပြိုင်ပွဲကို ယနေ့ ညနေပိုင်းတွင် နေပြည်တော်ရှိ လျှပ်စစ်စွမ်းအားဝန်ကြီးဌာနခွဲ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့်အညီ ကျင်းပသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးသောင်းဟန်က ထမနဲထိုးပြိုင်ပွဲကို ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုများ ပျော်ရွှင်စွာပါဝင်ဆင်နွဲပြီး မြန်မာ့ဓလေ့ရိုးရာ အစဉ်အလာကို ထိန်းသိမ်းစောင့်ရှောက်တတ်စေရန်၊ ဝန်ထမ်းအချင်းချင်းစည်းလုံးညီညွတ်စွာ ပူးပေါင်းဆောင်ရွက်တတ်စေရန်နှင့် တစ်ဦးနှင့်တစ်ဦး ဖေးမကူညီလိုစိတ်များရှိစေရန် ရည်ရွယ်ချက်များဖြင့် ကျင်းပခြင်းဖြစ်ကြောင်း ပြောကြား၍ ထမနဲထိုးယှဉ်ပြိုင်နေမှုများကို ကြည့်ရှုအားပေးသည်။

ပြိုင်ပွဲတွင် ပြည်ထောင်စုဝန်ကြီးရုံး၊ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ အသင်းငါးသင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုရရှိသည့်အသင်းများကို ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

(၁၃)ကြိမ်မြောက် မြန်မာ့ရိုးရာမိသားစုထမနဲထိုးပြိုင်ပွဲ ပြည်ထောင်စုရာထူးဝန်အဖွဲ့ ဥက္ကဋ္ဌ အားပေးကြည့်ရှု

နေပြည်တော် ဖေဖော်ဝါရီ ၃

ပြည်ထောင်စုရာထူးဝန်အဖွဲ့၏ (၁၃)ကြိမ်မြောက် မြန်မာ့ရိုးရာ မိသားစု ထမနဲထိုးပြိုင်ပွဲကို ယနေ့တွင် ရုံးအမှတ်(၁၇) နေပြည်တော်၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌ ဦးစစ်အေးနှင့် အဖွဲ့ဝင်များ၊ ဌာနအကြီးအမှူးများနှင့် အရာထမ်း၊ အမှုထမ်းများ စုံညီစွာတက်ရောက်ကြပြီး ပျော်ရွှင်စွာပါဝင်ဆင်နွဲကြသည်။

ထမနဲထိုးပြိုင်ပွဲကို ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ် - ၁၉ ရောဂါ ဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့် အညီကျင်းပခဲ့ပြီး နေပြည်တော် ရုံးအမှတ်(၁၇) ရှိ ဥက္ကဋ္ဌရုံးအဖွဲ့၊ ဝန်ထမ်းရွေးချယ်လေ့ကျင့်ရေး ဦးစီးဌာနနှင့် ဝန်ထမ်းရေးရာဦးစီးဌာနတို့မှ ဌာနအလိုက် အရာထမ်း၊ အမှုထမ်းများပါဝင်သည့် စုစုပေါင်းကိုးသင်း ပါဝင်ယှဉ်ပြိုင်ကြသည်။

ထို့နောက် ပါဝင်ယှဉ်ပြိုင်ကြသည့်အသင်းများနှင့် ဆုရရှိခဲ့သူများကို ပြည်ထောင်စုရာထူးဝန်အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ဆုများချီးမြှင့်ပေးအပ်ရာ ပထမဆုရရှိသည့် ဥက္ကဋ္ဌရုံးအဖွဲ့၊ အဖွဲ့(၁) အသင်းကို ဥက္ကဋ္ဌ ဦးစစ်အေးက လည်းကောင်း၊ ဒုတိယဆု၊ တတိယဆု၊ နှစ်သိမ့်ဆုရအသင်းတို့ကို အဖွဲ့ဝင်များက လည်းကောင်း ဆုများချီးမြှင့်ကြသည်။

သတင်းစဉ်

နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကြည့်ရှုအားပေး

နေပြည်တော် ဖေဖော်ဝါရီ ၃

နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဦးတင်ဦးလွင်သည် ဒုတိယမြို့တော်ဝန် ဦးမောင်မောင်၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးအောင်၊ တာဝန်ရှိသူများနှင့်အတူ ယနေ့ မွန်းလွဲ ၃ နာရီတွင် နေပြည်တော်စည်ပင်အိမ်ရာဝင်း ဗဟိုပစ္စည်းထိန်းဌာနခွဲ ကျင်းပသည့် နေပြည်တော်စည်ပင်သာယာရေးကော်မတီဝန်ထမ်းမိသားစုများ၏ မြန်မာ့ရိုးရာ ထမနဲထိုးပွဲကို ကြည့်ရှုအားပေးသည်။

ညနေပိုင်းတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် ၎င်းတို့၏ဇနီးများနှင့် တာဝန်ရှိသူများသည် နေပြည်တော်ကောင်စီ မိသားစု နေပြည်တော် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၏ မြန်မာ့ရိုးရာထမနဲထိုးယှဉ်ပြိုင်ပွဲကို ကြည့်ရှုအားပေးကြသည်။

ဆုများပေးအပ်ချီးမြှင့်

ထမနဲထိုးပြိုင်ပွဲအပြီးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ထမနဲထိုးပြိုင်ပွဲတွင် ဆုရရှိသည့်အသင်းများကို လည်းကောင်း၊ ကောင်စီဝင် ဦးဇေယျာလင်းက ဇည့်ခံဖျော်ဖြေပေးသည့်အဖွဲ့ကိုလည်းကောင်း၊ ကောင်စီဝင် ဦးမြင့်စိုးက ထမနဲကြီးကြပ်ကူညီပံ့ပိုးပေးသူများကို လည်းကောင်း ဂုဏ်ပြုဆုများပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ဘဂ်လားပင်လယ်အော် အခြေအနေ

နေပြည်တော် ဖေဖော်ဝါရီ ၃

ဘဂ်လား ပင်လယ်အော်မြောက်ပိုင်းနှင့် အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကပွလီပင်လယ်ပြင်နှင့် ကျန်ဘဂ်လားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်

လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့်ရှိနိုင်သည်။

မိုး/ဇလ

မြန်မာနိုင်ငံတော်ဗဟိုဘဏ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

မြန်မာနိုင်ငံတော် ဗဟိုဘဏ် မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံတော်ဗဟိုဘဏ်၌ ကျင်းပရာ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်၊ ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်၊ ဌာနအကြီးအကဲများနှင့် အရာထမ်း၊ အမှုထမ်းများ စုံလင်စွာ တက်ရောက်ကြသည်။

ဆုများချီးမြှင့်

ထမနဲထိုးပြိုင်ပွဲကို ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ စည်းကမ်းသတ်မှတ်ချက်များနှင့် အညီ ကျင်းပခဲ့ပြီး မြန်မာနိုင်ငံတော်ဗဟိုဘဏ်ရှိ ဌာနအသီးသီးမှ စုစုပေါင်း ရှစ်သင်းပါဝင်ယှဉ်ပြိုင်ကြရာ ပထမဆုရရှိသည့် စာရင်းဌာနအသင်းကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌက ဆုချီးမြှင့်ပြီး၊ ဒုတိယဆုရရှိသည့် ငွေကြေးလုပ်ငန်း အုပ်ချုပ်မှုဌာနအသင်းကို ဒုတိယဥက္ကဋ္ဌ ဦးဇော်မြင့်နိုင်က လည်းကောင်း၊ တတိယဆုရရှိသည့် ဘဏ်တွင်း စာရင်းစစ်ဌာနအသင်းကို ဒုတိယဥက္ကဋ္ဌ ဒေါက်တာလင်းအောင်က လည်းကောင်း၊ နှစ်သိမ့်ဆုရရှိသည့် အသင်းများအား အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက လည်းကောင်း ဆုများချီးမြှင့်ကြသည်။

ယခုနှစ် ထမနဲထိုးပြိုင်ပွဲသည် မြန်မာနိုင်ငံတော် ဗဟိုဘဏ်၏ စတုတ္ထအကြိမ်မြောက် ကျင်းပသော ပြိုင်ပွဲဖြစ်သည်။ **သတင်းစဉ်**

ရွှေတိဂုံစေတီတော်နှင့် မဟာဝိဇယစေတီတော်တို့၌ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲများ ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

ရွှေတိဂုံစေတီတော်ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့က ကြီးမျူးကျင်းပသည့် ၁၃၈၄ ခုနှစ် (၁၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲပွဲတော်၊ ထမနဲထိုးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၃ နာရီခွဲတွင် ရွှေတိဂုံစေတီတော်အရှေ့ဘက် ထန်းပင်ကုန်းကွင်း၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ တိုင်းဒေသကြီးဝန်ကြီးများ၊ ဂေါပကအဖွဲ့ဝင်များ၊ ပညာရှင်များ၊ အကဲဖြတ်အမှတ်ပေးဒိုင်လူကြီးများ၊ စေတနာရှင်အလှူရှင်များ၊ ဂေါပကရုံးဝန်ထမ်းများ၊ ပြိုင်ပွဲဝင်အသင်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ ရွှေတိဂုံစေတီတော် မြန်မာ့ရိုးရာထမနဲပွဲတော်ကျင်းပရေး ဗဟိုကော်မတီဥက္ကဋ္ဌ အလှည့်ကျသဘာပတိ ဂေါပကအဖွဲ့ဝင် ဦးဌေးလှိုင်၊ ပြိုင်ပွဲကျင်းပရေးကော်မတီဥက္ကဋ္ဌ ဂေါပကအဖွဲ့ဝင် ဦးမင်းလွင်တို့က ထမနဲထိုးပြိုင်ပွဲကို ရွှေကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ် ဦးဌေးအောင်၊ ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက မြန်မာ့ရိုးရာ ထမဲနဲထိုးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ ထမနဲထိုးပြိုင်ပွဲတွင် ဘာသာရေးအသင်းအဖွဲ့များနှင့် ဂေါပကရုံးဝန်ထမ်းများ အပါအဝင် ပြိုင်ပွဲဝင်အဖွဲ့ပေါင်း ၂၄ ဖွဲ့ ပါဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ပထမဆု၊ ဒုတိယဆု၊ တတိယဆု၊ စတုတ္ထဆု၊ ပဉ္စမဆုနှင့် နှစ်သိမ့်ဆုရရှိသူများကို ရန်ကုန်တိုင်းဒေသကြီး ဥပဒေချုပ်နှင့် ဂေါပက အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက ဆုများချီးမြှင့် ပေးအပ်ကြသည်။

ထို့အတူ မဟာဝိဇယစေတီတော် (၃၆)ကြိမ်မြောက် ဗုဒ္ဓပူဇနေယျပွဲတော်နှင့် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ညနေ ၄ နာရီတွင် အဆိုပါ စေတီတော်ပရိဝုဏ်အတွင်း၌ ကျင်းပသည်။

ဆက်ကပ်လှူဒါန်း

ဦးစွာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် မဟာဝိဇယစေတီတော် အလှည့်ကျ သဘာပတိဂေါပကအဖွဲ့ဝင် ဦးလှမြင့်တို့က (၃၆)ကြိမ်မြောက် ဗုဒ္ဓပူဇနေယျပွဲတော်နှင့် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြပြီး မဟာဝိဇယစေတီတော်မြတ်ကြီးအတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်များ အား ပန်း၊ ရေချမ်း၊ ဆီမီးများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် မြန်မာ့ရိုးရာ ထမဲနဲထိုးပြိုင်ပွဲတွင် ပြိုင်ပွဲဝင်အသင်းများ ယှဉ်ပြိုင်နေမှုကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယနေ့ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားခရိုင်၊ အလုံခရိုင်၊ ကမာရွတ်ခရိုင်နှင့် မရမ်းကုန်းခရိုင်အတွင်းရှိ မြို့နယ်များ၊ အခြားအသင်းအဖွဲ့များအပါအဝင် ၁၈ အသင်း ပါဝင်ယှဉ်ပြိုင်ကြပြီး ပထမဆု၊ ဒုတိယဆု၊ တတိယဆုနှင့် နှစ်သိမ့်ဆု ရရှိသူများအား ဂေါပကအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ဆုများပေးအပ်ချီးမြှင့်ကြသည်။

သတင်း – ကိုကိုဇော်၊ ဓာတ်ပုံ – ဇော်မင်းလတ်

ရောင်းချသူကိုယ်စား ဌေကောက်ခံရှင်းလင်းသည့် ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် ပေးအပ်သည့် အခမ်းအနားကျင်းပ

နေပြည်တော် ဖေဖော်ဝါရီ ၃

ရောင်းချသူကိုယ်စား ဌေကောက်ခံရှင်းလင်းသည့် ဝန်ဆောင်မှုလုပ်ငန်းလိုင်စင် ပေးအပ်ခြင်းအခမ်းအနားကို ဖေဖော်ဝါရီ ၁ ရက် မွန်းလွဲ ၂ နာရီက နေပြည်တော်ရှိ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒါရိုက်တာအဖွဲ့ အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေ၊ ဒုတိယဥက္ကဋ္ဌများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ နေးချားလင့်ပေး ကုမ္ပဏီလီမိတက် (Brand Name–Trusty E–Commerce)၊ ဇီကိုပေးကုမ္ပဏီလီမိတက်(Brand Name–Zego Money)နှင့် အင်တာနက်ဝေါလက် မြန်မာလီမိတက်(Brand Name–OK$)တို့မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

မြန်မာနိုင်ငံတော် ဗဟိုဘဏ်အနေဖြင့် ဒစ်ဂျစ်တယ်ငွေပေးချေမှုကို ဘဏ်ဝန်ဆောင်မှုနှင့် လက်လှမ်းမမှီသည့် နေရာ၊ ကဏ္ဍများအထိ ရယူအသုံးပြုနိုင်ရန်၊ ဘဏ်များနှင့်ပူးပေါင်း၍ ခရိုင်၊ မြို့နယ်များအထိ ဘဏ်များ၏ Network ကို ဖြန့်ကြက်ဆောင်ရွက်နိုင်ရန်၊ အများပြည်သူမှ QR Code ဖြင့် ပေးချေမှုများကို လွယ်ကူစွာ အသုံးပြုနိုင်ရန်နှင့် ရောင်းသူနှင့် ဝယ်သူအကြား ငွေပေးချေခြင်းဆောင်ရွက်ရာတွင် ကြားခံအနေဖြင့်ကောက်ခံပေးသည့် တတိယအဖွဲ့ အစည်းအဖြစ် ဆောင်ရွက်ရန်ရည်ရွယ်၍ နေးချားလင့်ပေးကုမ္ပဏီလီမိတက်၊ ဇီကိုပေးကုမ္ပဏီလီမိတက်နှင့် အင်တာနက်ဝေါလက် မြန်မာလီမိတက်တို့ကို ရောင်းချသူကိုယ်စား ဌေကောက်ခံရှင်းလင်းသည့် ဝန်ဆောင်မှု လုပ်ငန်း လိုင်စင်ထုတ်ပေးခဲ့သည်။

လိုင်စင်ရကုမ္ပဏီများအနေဖြင့် ဘဏ်လုပ်ငန်းဝန်ဆောင်မှု မရောက်ရှိသည့်နေရာ၊ ဒေသ၊ အလွှာစုံ၊ နယ်ပယ်စုံ၊ ဇရိယာစုံအထိ ဒစ်ဂျစ်တယ်ငွေပေးချေမှုများကို ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ငွေသားကိုင်တွယ်သုံးစွဲမှုများကိုလည်း လျှော့ချနိုင်မည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ရန်ကုန်ပညာရေးတက္ကသိုလ်၌ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဂုဏ်ပြုဆုပေးပွဲအခမ်းအနား ကျင်းပ

ရန်ကုန် ဖေဖော်ဝါရီ ၃

ပညာရေးဝန်ကြီးဌာန အဆင့်မြင့် ပညာဦးစီးဌာန အောက်ရှိ ရန်ကုန်ပညာရေးတက္ကသိုလ် ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ဆုပေးပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရန်ကုန် ပညာရေးတက္ကသိုလ် Learning Hub ခန်းမ၌ ကျင်းပသည်။

တက်ရောက်

အခမ်းအနားသို့ ရန်ကုန်ပညာရေးတက္ကသိုလ် ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ စီမံရေးရာ၊ ဘဏ္ဍာ၊ သင်တန်းရေးရာ၊ စာပေးစာယူဌာန ဌာနမှူးများ၊ ပါမောက္ခ(ဌာနမှူး)များ၊ မော်ကွန်းထိန်း၊ အဆောင်မှူးများနှင့် ဆုရရှိသော ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပါမောက္ခချုပ် ဒေါက်တာကေသွယ်လှိုင်က အဖွင့် အမှာစကား ပြောကြားသည်။

ထို့နောက် မြန်မာနိုင်ငံ ဝိဇ္ဇာနှင့် သိပ္ပံပညာရှင် စာတမ်းဖတ်ပွဲတွင် ဆုရရှိသူ ဆရာ ဆရာမများ၊ သုတေသနကျမ်း အကောင်းဆုံး ဆုရရှိသူ ဆရာ ဆရာမများ၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ် ရန်ကုန် ပညာရေးတက္ကသိုလ် သင်တန်းနှစ်အသီးသီးမှ ပညာရည်ချွန်ဆုရရှိသည့် ကျောင်းသား ကျောင်းသူများ၊ ၂၀၂၂ ခုနှစ်တွင် နိုင်ငံခြားပညာသင် ရွေးချယ်ခံရသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ အဆောင် သန့်ရှင်းသာယာလှပအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သော အဆောင်မှူးများ၊ တက္ကသိုလ်/ကောလိပ် ဆရာ ဆရာမများ၊ အထူးမွမ်းမံသင်တန်း အမှတ်စဉ်(၂၅) တွင် သင်တန်းသား စံပြဆုနှင့် သင်တန်းသား သင်တန်းသူ အဆောင်ဆုရရှိသည့် ဆရာ ဆရာမများ၊ ၂၀၂၃ ခုနှစ် စိန်ရတုလွတ်လပ်ရေးနေ့ စာစီစာကုံး၊ ကဗျာ၊ ဆောင်းပါးဆုရရှိသည့် ကျောင်းသား ကျောင်းသူများ၊ ရန်ကုန် ပညာရေးတက္ကသိုလ် ကျောင်းတွင်းအားကစားပြိုင်ပွဲများတွင် ဆုရရှိသည့် ကျောင်းသား ကျောင်းသူများကို ဂုဏ်ပြုဆုများ ချီးမြှင့်ခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အနော်ရထာတံတား(ချောက်)ရေလမ်း ပြောင်းလဲမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်ချက်

၁။ အနော်ရထာတံတား(ချောက်) ရေလမ်းတွင် ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်လမ်းအဖြစ် ရေလယ်တိုင်(၅)နှင့် (၆)အကြားမှ လည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင်(၄)နှင့် (၅)အကြားမှလည်းကောင်း သတ်မှတ်ပေးထားပါသည်။ ယခုအခါ တံတားမြစ်ကြမ်းပြင် မြစ်ရေတိုက်စားမှု ကာကွယ်ရေးလုပ်ငန်းဆောင်ရွက်မည်ဖြစ်သောကြောင့် ရေယာဉ်များ ဖြတ်သန်းသွားလာရန် အစုန်၊ အဆန် ရေလမ်းကြောင်းကို ရေလယ်တိုင် အမှတ်(၃)နှင့် (၄) အကြားမှ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ (၆)ရက်တွင် ပြောင်းလဲဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ ပြောင်းလဲမည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ မီတာ(၁၁၀)ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် (၁၇)မီတာ ရှိပါသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်တွင် နေ့အခါ အစိမ်းရောင် တြိဂံအမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်းပြသထားပါမည်။ မဝင်ရမည့် ရေလမ်းတွင် နေ့အခါ အနီရောင် ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်း ပြသထားပါမည်။

၃။ တံတားတိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်တွင် (၁၅)ပေခန့် ထိုးထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်(၂)ခုအကြားမှ ယှဉ်ပြိုင်ခုတ်မောင်းခြင်းမပြုရန်နှင့် တွဲတွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ ချဉ်းကပ်ရာတွင် လုံလောက်သော အကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေလမ်းသတိပေးနှိုးဆော်ချက်သတင်း ထုတ်ပြန်ထားပါသည်။

ဖေဖော်ဝါရီ ၁ ရက်က ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ငါးထပ်ကြီးမြောက်ရပ်ကွက် လိပ်ပြာကန်ကျောင်းတိုက်၊ နန္ဒာအောင်မြေ ကျောင်းဆရာတော် အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓေ အဂ္ဂမဟာ ကမ္မဋ္ဌာနာစရိယ ဒေါက်တာဘဒ္ဒန္တနိမလနှင့် အလှူရှင်များက (၂၅)ကြိမ်မြောက် နှမ်းမနဲထိုးလှူဒါန်းပွဲ ကျင်းပစဉ်။ ကျော်စိုးမိုး

တိုင်းရင်းသားများ စည်းလုံးအားဖြင့် လက်တွဲမပျက် ရှေ့သို့ဆက်

လူရည်ချွန် လူရည်မွန်

ချို (ပညာရေး)
အခြေခံပညာဦးစီးဌာန

နှစ်သစ်သို့ ချင်းနင်းဝင်ရောက်ခဲ့ပြီ။ လွန်ခဲ့သော ၂၀၂၂ တစ်နှစ်တာကာလအတွင်း လူပုဂ္ဂိုလ်တစ်ဦးချင်းသော်လည်းကောင်း၊ အဖွဲ့အစည်းတစ်ခုချင်းသော်လည်းကောင်း၊ ဌာနတစ်ခုချင်းစီသော်လည်းကောင်း မိမိတို့လုပ်ငန်းများနှင့်ပတ်သက်၍ ဆောင်ရွက်ပြီးစီးသည့်လုပ်ငန်းများရှိသကဲ့သို့ ဆောင်ရွက်ဆဲလုပ်ငန်းများ၊ ဆောင်ရွက်ရန်ကျန်ရှိသည့်လုပ်ငန်းများလည်း ရှိကောင်းရှိနေပေလိမ့်မည်။

၂၀၁၉ ခုနှစ် အဌမတန်း လူရည်ချွန် ကျောင်းသား ကျောင်းသူများ မန္တလေးမြို့ မြနန်းစံကျော်ရွှေနန်းတော်သို့ လေ့လာရေးခရီးရောက်ရှိစဉ်။

ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနသည် ပညာသင်နှစ်တစ်နှစ်အတွင်း ပြက္ခဒိန်လအလိုက် ဆောင်ရွက်ရသည့် ပုံမှန်လုပ်ငန်းများ၊ ဦးစားပေးအစီအစဉ်အလိုက် ဆောင်ရွက်သည့်လုပ်ငန်းများ၊ အရေးပေါ်ဆောင်ရွက်ရသည့်လုပ်ငန်းများဖြင့် နှစ်တစ်နှစ်ကို ကုန်လွန်စေခဲ့ပြီဖြစ်သည်။ ဆောင်ရွက်ဆဲလုပ်ငန်းများအနက် ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် လူရည်ချွန် ကျောင်းသား ကျောင်းသူများ ရွေးချယ်ရေးလုပ်ငန်းသည်လည်း အဓိကလုပ်ငန်းတစ်ရပ်ဖြစ်သည်။

ဘက်စုံထူးချွန်သည့် လူစွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေး ပြုစုပျိုးထောင်

နိုင်ငံတော်အကြီးအကဲ၏ **"ပညာတတ်များ ပေါများရေး"** လမ်းညွှန်ချက်နှင့်အညီ ပညာရေးဝန်ကြီးဌာန အခြေခံပညာဦးစီးဌာနသည် အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ကျောင်းနေအရွယ် ကလေးအားလုံး ကျောင်းသို့ရောက်ရှိ၍ ပညာသင်ယူနိုင်မှု အခွင့်အလမ်းရရှိရေးကို အလေးထားကာ ဆက်စပ်ဌာနများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိသကဲ့သို့ တစ်ဖက်တွင်လည်း ပညာရေးဝန်ကြီးဌာန၏ အခြေခံကျသော လုပ်ငန်းစဉ်တစ်ရပ်ဖြစ်သည့် နိုင်ငံတော်အတွက် ကျန်းမာသန်စွမ်း၍ စာရိတ္တကောင်းမွန်သည့် ပညာရည်ထူးချွန်ထက်မြက်သော ဘက်စုံထူးချွန်သည့် လူစွမ်းအားအရင်းအမြစ်များ ပေါ်ထွန်းလာရေးအတွက် ပြုစုပျိုးထောင်လျက်ရှိသည်။

ပညာရေးဝန်ကြီးဌာနသည် နိုင်ငံအတွက် အညွှန့်အဖူးလေးများဖြစ်ကြသည့် လူငယ်မောင်မယ်များအား လူရည်ချွန် လူရည်မွန်များ ဖြစ်လာရန်အတွက် ကျန်းမာသန်စွမ်းသော ကိုယ်ကာယ၊ ထက်မြက်သောအနာဂတ်၊ မြင့်မြတ်သောအကျင့်စာရိတ္တတို့နှင့် ပြည့်စုံစေ၍ အဖွဲ့အစည်းဖြင့် ဆောင်ရွက်တတ်သည့်အလေ့အကျင့်ကောင်းများ ပြုစုပျိုးထောင်ပေးရန် လိုအပ်သည်နှင့်အညီ လူရည်ချွန်စီမံကိန်းကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။

မျိုးဆက်သစ်လူငယ်မောင်မယ်များအား ထူးချွန်ထက်မြက်သူ လူရည်ချွန်များဖြစ်လာရန် ပြုစုပျိုးထောင်ပေးရန် အရေးကြီးသကဲ့သို့ ကိုယ်နှုတ်နှလုံးသုံးပါး လိမ္မာယဉ်ကျေးရန်၊ လူမှုရေးအသိစိတ်ဓာတ်များရရှိ၍ လူ့အဖွဲ့အစည်းတွင် အဆင်ပြေစွာ နေထိုင်တတ်စေရန်၊ လူလိမ္မာနှင့် လူမိုက်ကို ခွဲခြားသိရှိ၍ ပေါင်းသင်းတတ်ရန်၊ အသက်အရွယ်အလိုက် ရရှိသင့်သော လူ့အခွင့်အရေးများ၊ ယင်းအခွင့်အရေးများနှင့်လျော်ညီစွာ ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားကို သိရှိနားလည်ပြီး လိုက်နာကျင့်သုံးတတ်စေရန်၊ ပညာရှိသူတော်ကောင်းတို့၏ သဘောသဘာဝကိုသိရှိ၍ အနှီပုဂ္ဂိုလ်များကဲ့သို့ ကျင့်သုံးတတ်စေရန်၊ တစ်နည်းအားဖြင့် စိတ်ထားမြင့်မြတ်သော လူရည်မွန်များဖြစ်လာရန် ပျိုးထောင်ပေးရေးသည်လည်း ပညာရေးဝန်ကြီးဌာန၏ မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ်ပေသည်။

ကျောင်းသားလူငယ်များ ပြုစုပျိုးထောင်ရာ၌ အသိပညာ၊ အတတ်ပညာနှင့် ဗဟုသုတများပြည့်စုံ၍ အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ၊ အမျိုးသားရေးစိတ်ဓာတ်များ ရင်သန်ထက်မြက်ပြီး မိမိတို့၏ယဉ်ကျေးမှုလေ့ထုံးစံများကို တန်ဖိုးထားမြတ်နိုးတတ်သောစိတ်ဓာတ်နှင့် ခံယူချက်များကို ငယ်စဉ်တောင်ကျေး ကလေးဘဝမှအစ နှလုံးသွင်းနိုင်ရန် လေ့ကျင့်ပေးရန်လိုပေသည်။ လူငယ်များ ဘဝတစ်လျှောက် လူတော်သာမက လူကောင်းဖြစ်လာရန်၊ တစ်နည်းအားဖြင့် လူရည်ချွန် လူရည်မွန်များ ဖြစ်လာရန်အတွက် ဤလူရည်ချွန်စီမံကိန်းကို ဆောင်ရွက်ခြင်းဖြင့် နိုင်ငံအတွက်အားထားရသော ခေါင်းဆောင်ကောင်းများ မွေးထုတ်နိုင်ပေလိမ့်မည်။

> **"မျိုးဆက်သစ်လူငယ်မောင်မယ်များအား ထူးချွန်ထက်မြက်သူ လူရည်ချွန်များဖြစ်လာရန် ပြုစုပျိုးထောင်ပေးရန် အရေးကြီးသကဲ့သို့ ကိုယ်နှုတ်နှလုံးသုံးပါး လိမ္မာယဉ်ကျေးရန်၊ လူမှုရေးအသိစိတ်ဓာတ်များရရှိ၍ လူ့အဖွဲ့အစည်းတွင် အဆင်ပြေစွာ နေထိုင်တတ်စေရန်၊ လူလိမ္မာနှင့် လူမိုက်ကို ခွဲခြားသိရှိ၍ ပေါင်းသင်းတတ်ရန်၊ အသက်အရွယ်အလိုက် ရရှိသင့်သော လူ့အခွင့်အရေးများ၊ ယင်းအခွင့်အရေးများနှင့်လျော်ညီစွာ ထမ်းဆောင်ရမည့် တာဝန်ဝတ္တရားကို သိရှိနားလည်ပြီး လိုက်နာကျင့်သုံးတတ်စေရန်၊ ပညာရှိသူတော်ကောင်းတို့၏ သဘောသဘာဝကိုသိရှိ၍ အနှီပုဂ္ဂိုလ်များကဲ့သို့ ကျင့်သုံးတတ်စေရန်၊ တစ်နည်းအားဖြင့် စိတ်ထားမြင့်မြတ်သော လူရည်မွန်များဖြစ်လာရန် ပျိုးထောင်ပေးရေးသည်လည်း ပညာရေးဝန်ကြီးဌာန၏ မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းတစ်ရပ်ဖြစ်"**

လူရည်ချွန်စီမံကိန်းကို ၁၉၆၄ ခုနှစ်တွင် စတင်ဆောင်ရွက်ခဲ့ရာ ၁၉၈၈ ခုနှစ်၌ (၂၅) ကြိမ်မြောက် ငွေရတုလူရည်ချွန်စီမံကိန်းကို ဆောင်ရွက်နိုင်ခဲ့သည်။ ၁၉၈၈ ခုနှစ်တွင် ရပ်နားခဲ့သော လူရည်ချွန်စီမံကိန်းကို ၂၀၁၃ ခုနှစ်တွင် "ဘက်စုံပညာ ထူးချွန်လူငယ်" စီမံကိန်းအဖြစ် စတင်ဆောင်ရွက်ခဲ့ပြီး ၂၀၁၈ ခုနှစ်တွင် "ဘက်စုံပညာ ထူးချွန်လူငယ်" စီမံကိန်းအစား "လူရည်ချွန်စီမံကိန်း" အမည်ဖြင့် ပြန်လည်ပြင်ဆင်ဆောင်ရွက်ခဲ့သည်။ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် လူရည်ချွန်မောင်မယ်များကို ရွေးချယ်နိုင်ခဲ့ပြီး ကိုဗစ်-၁၉ ရောဂါ ကူးစက်ပြန့်ပွားမှုအခြေအနေအရ လူရည်ချွန်စခန်းများသို့ စေလွှတ်ခြင်းကို ရပ်နားခဲ့ရသည်။ ၂၀၂၀-၂၀၂၁ ပညာသင်နှစ်နှင့် ၂၀၂၁-၂၀၂၂ ပညာသင်နှစ်တို့တွင် ရောဂါကူးစက်ပြန့်ပွားမှုထိန်းချုပ်မှုအခြေအနေအရ လူရည်ချွန်စီမံကိန်းကို ခေတ္တရပ်နားခဲ့ရာမှ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ပြန်လည်အကောင်အထည်ဖော်ဆောင်ရွက်နိုင်ခဲ့သည်။

ယခုနှစ်လူရည်ချွန်စီမံကိန်းအား ဉာဏ်ပညာထူးချွန်ပြီး ကျန်းမာသန်စွမ်းကာ အကျင့်စာရိတ္တကောင်းမွန်သည့် ထူးချွန်ထက်မြက်သော ကျောင်းသားလူငယ်များ ပေါ်ထွန်းလာစေရန်၊ ပညာရေး လက်တွေ့ဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပိုမိုစိတ်ပါဝင်စားလာပြီး နိုင်ငံ့အကျိုးပြုလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်နိုင်စေသည့် နိုင်ငံ့သားကောင်းများ ပေါ်ပေါက်လာစေရန်၊ ထူးချွန်ထက်မြက်သော ကျောင်းသား ကျောင်းသူများကို စံနမူနာပြု၍ ကျောင်းသားလူငယ်များအား ပြုစုပျိုးထောင်ပေးရန် ဟူသော ရည်ရွယ်ချက်(၃)ရပ်ဖြင့် ဆောင်ရွက်ခြင်းဖြစ်သည်။

လူရည်ချွန်မောင်မယ်များ ရွေးချယ်ရာ၌ အလယ်တန်းအဆင့်၏ နောက်ဆုံးအတန်း အဌမတန်း (Grade-9) နှင့် အထက်တန်းအဆင့် (ဒသမတန်း၊ ဧကာဒသမတန်း) ကျောင်းသား ကျောင်းသူများကို ရွေးချယ်ခဲ့သည်။ ကျောင်းအဆင့်၊ မြို့နယ်အဆင့်၊ ခရိုင်အဆင့် ရေးဖြေဘာသာရပ်များကို အဌမတန်းအတွက်မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ ဘာသာရပ်များတွင် ဖြေဆိုချိန် ၁:၃၀ နာရီ၊ ဒသမတန်းနှင့် ဧကာဒသမတန်းတို့အတွက် မြန်မာစာ၊ အင်္ဂလိပ်စာ၊ အထွေထွေဗဟုသုတ ဘာသာရပ်များတွင် ဖြေဆိုချိန် ၂:၀၀ နာရီဖြင့် စနစ်တကျ စစ်ဆေးခဲ့ပြီး ခရိုင်ရှိဖွဲ့စည်းမြို့နယ်အလိုက် ကျား၊ မ အချိုးတူစွာ ဦးရေသတ်မှတ်ရွေးချယ်သည်။

အပြည်ပြည်ဆိုင်ရာ
စံသတ်မှတ်ချက်များအတိုင်းစစ်ဆေး

နှုတ်ဖြေဘာသာရပ်များစစ်ဆေးရာတွင် စာရိတ္တနှင့် ပြည်သူ့နီတိ၊ မြန်မာ့ယဉ်ကျေးမှုနှင့် ထုံးတမ်းလေ့၊ အတန်းအလိုက် သိသင့်သိထိုက်သည့် ဗဟုသုတများကို စစ်ဆေးပြီး ကိုယ်ကာယကြံ့ခိုင်မှုကို အပြည်ပြည်ဆိုင်ရာ စံသတ်မှတ်ချက်များ အတိုင်း စစ်ဆေးခဲ့သည်။ ဤပညာသင်နှစ်အတွက် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် လူရည်ချွန်မောင်မယ် ၄၇၈ ဦးကို ရွေးချယ်နိုင်ခဲ့ပြီး အဌမတန်း ကျောင်းသား ကျောင်းသူများအား ပုဂံလူရည်ချွန်စခန်း၊ ဒသမတန်း ကျောင်းသား ကျောင်းသူများအား အင်းလေးလူရည်ချွန်စခန်း၊ ဧကာဒသမတန်း ကျောင်းသား ကျောင်းသူများအား ငွေဆောင်လူရည်ချွန်စခန်းအသီးသီးသို့ ဧပြီလစတုတ္ထပတ်မှ မေလပထမပတ်အထိ စေလွှတ်သွားမည်ဖြစ်ပြီး ၂၀၂၃ ခုနှစ် ဧပြီလ ၂၉ ရက်နေ့တွင် လူရည်ချွန်စခန်းများဖွင့်ပွဲကို တစ်ပြိုင်နက် ကျင်းပဆောင်ရွက်သွားရန် လျာထားပြီးဖြစ်သည်။

ပညာရေးဝန်ကြီးဌာန၏ ပြယုဂ်တစ်ခုဖြစ်သည့် လူရည်ချွန်မောင်မယ်များကို စနစ်တကျဖြင့် အောင်မြင်စွာ ရွေးချယ်ဆောင်ရွက်နိုင်ခြင်းသည် ပညာရေးဝန်ကြီးဌာန၏ အောင်မြင်မှုသာမက နိုင်ငံတော်၏ လူမှုရေးဦးတည်ချက်ဖြစ်သည့် "တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး" ဟူသောဦးတည်ချက်ကို ပေါက်မြောက်အောင်မြင်စေသည့် လုပ်ငန်းစဉ်တစ်ရပ်လည်းဖြစ်ပေသည်။ တစ်နည်းဆိုသော် နိုင်ငံ့တာဝန်ကို သစ္စာရှိစွာ ထမ်းရွက်ကြမည့် နိုင်ငံ့သားကောင်း လူရည်ချွန် လူရည်မွန်များကို မွေးထုတ်ပေးနိုင်ခဲ့ခြင်းပင်ဖြစ်ကြောင်း သတင်းကောင်းဖြင့် ၂၀၂၂-၂၀၂၃ ခုနှစ် လူရည်ချွန်မောင်မယ်များအား ဂုဏ်ပြုလိုက်ပါသည်။ ။

ဓာတ်ခွဲနမူနာစုစုပေါင်း ၄,၈၃၅ ခု စစ်ဆေးပြီးစီး၊ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ တစ်ဦးတွေ့ရှိ

ကိုဗစ်-၁၉ ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း (၃-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁۹ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁۹ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃-၂-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၈၃၅) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁۹ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁) ဦး တွေ့ရှိရသဖြင့် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၀.၀၂) ရာခိုင်နှုန်း ဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၉၅၄,၄၉၆) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁۹ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃,၈၃,၈၃၇) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၁)ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၄,၃၀၇) ဦး ရှိပြီဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁۹ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၀) ရှိပါသည်။

သုတေသနတွေ့ရှိချက်များအရ ကိုဗစ်-၁۹ ရောဂါကာကွယ်ဆေး ထိုးနှံထားသူများတွင် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံယူရမှုနှင့် သေဆုံးမှုတို့ကို လျှော့ချနိုင်ပြီး ထပ်ဆောင်းကာကွယ်ဆေးထိုးနှံထားခြင်းဖြင့် ရောဂါပြင်းထန်မှု၊ ဆေးရုံတက်ရောက်ကုသခံရမှုနှင့် သေဆုံးမှုတို့ကို ပိုမိုလျှော့ချနိုင်ကြောင်းကို တွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာ့နိုင်ငံအချို့နှင့် အိမ်နီးချင်းနိုင်ငံအချို့တွင် ကိုဗစ်-၁۹ ရောဂါဖြစ်ပွားမှု ပြန်လည်မြင့်တက်နေသည့်အပြင် အိုမီခရွန်ဗီဇပြောင်းမျိုးကွဲအသစ်များ လျင်မြန်စွာကူးစက်မှုများရှိနေ၍ မြန်မာနိုင်ငံတွင်လည်း ပြည်သူလူထုအနေဖြင့် ကိုဗစ်-၁۹ ရောဂါနှင့်အတူ ယှဉ်တွဲပြီး နေထိုင်ရာတွင် နေထိုင်မှုပုံစံသစ် နည်းလမ်းအား လိုက်နာ၍ နေထိုင်ရမည်ဖြစ်သဖြင့်-

- အသက် (၅)နှစ်နှင့်အထက် ပြည်သူများအားလုံးသည် ကျန်းမာရေးဝန်ကြီးဌာနမှ အခမဲ့ထိုးနှံပေးလျက်ရှိသော ကိုဗစ်-၁۹ ရောဂါ ကာကွယ်ဆေးကို အကြိမ်ပြည့်ထိုးနှံခြင်းနှင့် ကာကွယ်ဆေးထိုးနှံပြီး (၆)လ ပြည့်ပြီးပါက ထပ်ဆောင်းကာကွယ်ဆေးများ ထိုးနှံခြင်းတို့ကို နီးစပ်ရာ ကျန်းမာရေးဌာနများ၊ ကျေးရွာ/ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးများနှင့် ဆက်သွယ်၍ မပျက်မကွက် ခံယူကြရန်၊
- အလုံပိတ်အခန်းများ၊ လူထူထပ်သောနေရာများ၊ အများပြည်သူနှင့် သက်ဆိုင်သော နေရာများ၌ ရှိနေစဉ် ပါးစပ်နှင့် နှာခေါင်းစည်းကို စနစ်တကျတပ်ဆင်ရန်၊
- အလုံပိတ်အခန်း၌ လူတစ်ဦးထက်ပို၍ ရှိနေစဉ် လေဝင်/လေထွက်ကောင်းမွန်စေရေးအတွက် ဖြစ်နိုင်ပါက ပြတင်းပေါက်များအား ဖွင့်ထားရန်၊
- လက်ကို ဆပ်ပြာ၊ ရေ(သို့မဟုတ်)အယ်လ်ကိုဟော (အနည်းဆုံး ၆၀ ရာခိုင်နှုန်း) ပါဝင်သော လက်သန့်ဆေးရည်ဖြင့် စက္ကန့် (၂၀) ကြာ မကြာခဏ ဆေးကြောရန်၊
- လူတစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေရန်၊
- တတ်နိုင်သမျှ လူစုလူဝေးရှောင်ကြဉ်ရန်၊
- ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်မထားချိန်၌ ချောင်းဆိုး၊ နှာချေလျှင် တံတောင်ဆစ်ကွေးနှင့် အုပ်၍ ချောင်းဆိုး၊ နှာချေခြင်းစသည့် တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများကို ဆက်လက်လိုက်နာကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

ကိုဗစ်-၁۹ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ www.moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

ကျန်းမာရေးဝန်ကြီးဌာန

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့အခမ်းအနားသို့ တက်ရောက်မည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့ဝင်များ နေပြည်တော်သို့ ရောက်ရှိ

နေပြည်တော် ဖေဖော်ဝါရီ ၃

၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကို တက်ရောက်မည့် မန္တလေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် လည်းကောင်း၊ ချင်းပြည်နယ်မှ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှု အဖွဲ့ဝင်များသည် မွန်းလွဲပိုင်းတွင်လည်းကောင်း၊ ရှမ်းပြည်နယ်နှင့် မွန်ပြည်နယ်တို့မှ တိုင်းရင်းသားရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များသည် ညနေပိုင်းတွင်လည်းကောင်း ခေတ္တတည်းခိုနေထိုင်မည့် နေပြည်တော်လေ့ကျင့်ရေးစခန်း (အားကစားကျေးရွာ)သို့ ရောက်ရှိကြသည်။

အဆိုပါ ယဉ်ကျေးမှုအဖွဲ့များကို ဆပ်ကော်မတီအသီးသီးမှ တာဝန်ရှိသူများနှင့် အနုပညာဦးစီးဌာနတို့က အတီး၊ အမှုတ်၊ အကများဖြင့် ကြိုဆိုခဲ့ပြီး ခေတ္တတည်းခို နေထိုင်ရေးအတွက် နေရာထိုင်ခင်းများ၊ စားသောက်ရေးများ စီစဉ်ဆောင်ရွက်ပေးကြသည်။

အဆိုပါယဉ်ကျေးမှု အဖွဲ့များသည် (၇၆) နှစ်မြောက် ပြည်ထောင်စုနေ့ အခမ်းအနားတက်ရောက်ပြီး ရိုးရာ အဆို၊ အက အလှများ ဖျော်ဖြေတင်ဆက်နိုင်ရေးအတွက် အားချမ်းပျော်ရွှင်စွာ အကတိုက်လေ့ကျင့်လျက်ရှိကြောင်း သိရသည်။

တပ်ကုန်း (ပြန်/ဆက်)

(၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲ ကျင်းပ

သထုံ ဖေဖော်ဝါရီ ၃

မွန်ပြည်နယ် သထုံမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် ဌာနဆိုင်ရာများပူးပေါင်း၍ (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းတွင် လူထုအခြေပြု ဗဟိုဌာနခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်လှလှဌေးက စာဖတ်ရှိန်မြင့်မားရေးတို့ကို အသိပညာပေးဆွေးနွေးပြီး မြို့နယ်အားကစားနှင့် ကာယပညာဦးစီးဌာနမှ ဦးစီးအရာရှိ ဦးမင်းမင်းရှိန်က အားကစားကဏ္ဍဆိုင်ရာ သိကောင်းစရာတို့ကို ဟောပြောဆွေးနွေးသည်။

ဆက်လက်၍ အလုပ်ရုံနှင့် အလုပ်သမား စစ်ဆေးရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ထွေးအိခိုင်က စက်ရုံအလုပ်ရုံများနှင့် လုပ်ငန်းခွင်ထိခိုက်မှုများ၊ အလုပ်ရှင်အလုပ်သမားဆိုင်ရာ သိသင့်သည်တို့ကို ဆွေးနွေးကာ အမှတ်(၆၂) မူးယစ်တပ်ဖွဲ့စုမှ ရဲအုပ် စောထင်လင်းက မူးယစ်ဆေးဝါးဆိုင်ရာ သိကောင်းစရာများကို ဆွေးနွေးဟောပြောသည်။

အသိပညာပေးဟောပြောပွဲသို့ သထုံမြို့ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသူ ကျောင်းသားများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ပိန်းမုံကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်း ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီး

မိုင်းတုံ ဖေဖော်ဝါရီ ၃

ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းတုံမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ဖြင့် မိုင်းတုံကျေးရွာအုပ်စု ပိန်းမုံကျေးရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယမန်နေ့နံနက်ပိုင်းတွင် တာဝန်ရှိသူများက အဆိုပါ ကျေးရွာသို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းတုံခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ကျော့ကျော့ခိုင်၊ မိုင်းတုံမြို့နယ်ဦးစီးမှူး ဦးစိုင်းအောင်မျိုးထက်နှင့် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစီမံကိန်းကော်မတီဝင်များနှင့်အတူ ပိန်းမုံကျေးရွာ၌ အလျား ပေ ၅၀၊ အနံ ပေ ၃၀၊ အမြင့် ၁၂ ပေ ရှိ ကျေးရွာဘက်စုံသုံးခန်းမဆောင်တည်ဆောက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဆောင်ရွက်ပြီးစီး

အဆိုပါ ကျေးရွာ၌ ကျေးရွာဘက်စုံသုံးခန်းမဆောင် တည်ဆောက်ခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုး ရန်ပုံငွေကျပ် ၁၀သန်း၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် ၃ ဒသမ ၄၃သန်း၊ ကျေးရွာလူထုလုပ်အားများ၊ ဦးစီးဌာနဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် သြဂုတ်လ တတိယအပတ်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

JJJ

တွဲလက်ခိုင်ကျည် ပေါင်းစုညီ ဒို့ညီနောင်ထု ပြည်ထောင်စု။

ထိုင်းနိုင်ငံက ယခုနှစ်အတွင်း ပြည်ပနိုင်ငံများသို့ ဆန်တန်ချိန် ၇ ဒသမ ၅ သန်း တင်ပို့မည်

ဗန်ကောက် ဖေဖော်ဝါရီ ၃

ထိုင်းနိုင်ငံက ဆန်တန်ချိန် ၇ ဒသမ ၅ သန်းကို ယခုနှစ်အတွင်း ပြည်ပနိုင်ငံများသို့တင်ပို့ရန် ဆောင်ရွက်နေကြောင်း ဒေသခံမီဒီယာများက ဖေဖော်ဝါရီ ၂ ရက်တွင် ပြောကြားသည်။

ယခုကဲ့သို့ ပြည်ပတင်ပို့မှု တိုးမြှင့်ရခြင်းမှာ ထိုင်းနိုင်ငံ၏ ဆန်စပါးကို ပြည်ပနိုင်ငံများက ဝယ်လိုအား မြင့်တက်လာခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။ ထိုင်းနိုင်ငံ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသည် ဆွေးနွေးပွဲများပြုလုပ်ဆောင်ရွက်ကာ ဆန်စပါးရောင်းဝယ်ရေးမြှင့်တင်နိုင်ရန် ကြိုးပမ်းလျက်ရှိပြီး အဓိက ကုန်သွယ်ဖက်နိုင်ငံများဖြစ်သည့် တရုတ်၊ ဗီယက်နမ်၊ ဩစတြေးလျှနှင့် ဂျာမနီနိုင်ငံများသို့ ဆန်စပါးတိုးမြှင့်တင်ပို့နိုင်ရန် ဆောင်ရွက်နေကြောင်း သိရသည်။ ယမန်နှစ်အတွင်းက ထိုင်းနိုင်ငံ၏ ဆန်စပါးပြည်ပတင်ပို့မှုတွင် ၂၀၂၁ ခုနှစ်ကထက် ၂၂ ရာခိုင်နှုန်းပိုမိုတိုးတက်လာကြောင်း ထိုင်းနိုင်ငံစီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

အီရတ်နိုင်ငံက ၂၀၂၂ ခုနှစ်အတွင်း ထိုင်းနိုင်ငံ၏ အကြီးမားဆုံး ပြည်ပဆန်စပါးဈေးကွက်ဖြစ်လာခဲ့ပြီး ဆန်စပါးတန်ချိန် ၁ ဒသမ ၆ သန်းကို အီရတ်နိုင်ငံသို့ တင်ပို့ခဲ့ကြောင်းသိရသည်။

ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - စိုးသူရ

အမေရိကန်အစိုးရက မျောက်ကျောက်ရောဂါကို ပြည်သူ့ကျန်းမာရေးအရေးပေါ်အခြေအနေကြေညာထားမှု ပြန်လည်ရုပ်သိမ်း

ဝါရှင်တန် ဖေဖော်ဝါရီ ၃

အမေရိကန်နိုင်ငံ၌ မျောက်ကျောက်ရောဂါ ကူးစက်ခံရသူအရေအတွက် လျော့ကျလာသောကြောင့် ဇန်နဝါရီ ၃၁ ရက်မှစ၍ ပြည်သူ့ကျန်းမာရေး အရေးပေါ်အခြေအနေ ကြေညာထားမှု ပြန်လည်ရုပ်သိမ်းခဲ့ကြောင်း သိရသည်။

ပထမဆုံးကြေညာ

ရောဂါကူးစက်ခံရပါက အဖျားတက်ခြင်းနှင့် အဖုအပိမ့်များကဲ့သို့ ရောဂါလက္ခဏာများဖြစ်ပေါ်သည့် မျောက်ကျောက်ရောဂါအား ၂၀၂၂ ခုနှစ် ဩဂုတ်လတွင် အမေရိကန်အစိုးရက အရေးပေါ်အခြေအနေအဖြစ် ပထမဆုံးကြေညာခဲ့သည်။

လက်ရှိအချိန်အထိ အမေရိကန်နိုင်ငံအတွင်း မျောက်ကျောက်ရောဂါကူးစက်ခံရသူ အရေအတွက် ၃၀၀၀၀ ကျော်ရှိကြောင်း အမေရိကန်ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာ၏ အချက်အလက်များအရ သိရသည်။

သို့သော် နေ့စဉ်ရောဂါကူးစက်ခံရသူ အရေအတွက်မှာ ပြီးခဲ့သည့် ဩဂုတ်လအတွင်း ၄၀၀ ကျော်ရှိခဲ့ရာ လက်ရှိတွင် သိသိသာသာ လျော့ကျလာခဲ့သည်။ ယခုနှစ်အစပိုင်းမှစ၍ အဆိုပါ ရောဂါနေ့စဉ်ကူးစက်မှု အရေအတွက်မှာ အများဆုံး ၁၀ ဦးအထိသာ ရှိခဲ့ကြောင်း သိရသည်။

သတိပေးပြောကြား

ရောဂါကူးစက်ခံရသူအရေအတွက် လျော့ကျလာသော်လည်း ကာကွယ်ဆေးထိုးနှံမှုကိုခံယူကြရန် ပြည်သူများအား အမေရိကန် ရောဂါထိန်းချုပ်ရေးနှင့် ကာကွယ်ရေးစင်တာက သတိပေးပြောကြားသည်။

အလားတူ ကမ္ဘာတစ်ဝန်း၌လည်း မျောက်ကျောက်ရောဂါ ကူးစက်ခံရသူ အရေအတွက် သိသိသာသာ လျော့ကျလာကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ဆိုသည်။

သို့သော် အချို့နိုင်ငံများတွင် မျောက်ကျောက်ရောဂါ ကူးစက်မှုများ ရှိနေသေးသည့်အတွက် ကမ္ဘာ့ကျန်းမာရေးအဖွဲ့က နိုင်ငံတကာ၏ စိုးရိမ်စရာ ပြည်သူ့ကျန်းမာရေးအရေးပေါ် အခြေအနေအဖြစ် ဆက်လက်သတ်မှတ်ထားဆဲ ဖြစ်သည်။

ကိုးကား - အင်နှအိတ်ချ်ကေ
ဘာသာပြန် - အောင်ကျော်ကျော်

ဂျပန်အာကာသယာဉ်မှူး အာကာသအတွင်း လမ်းလျှောက်ခြင်းမစ်ရှင် အောင်မြင်စွာဆောင်ရွက်ပြီးစီး

တိုကျို ဖေဖော်ဝါရီ ၃

ဂျပန်အာကာသယာဉ်မှူး ဝါကာတာကိုချိက နိုင်ငံတကာ အာကာသစခန်းအပြင်ဘက်တွင် ၎င်း၏ ဒုတိယမြောက် အာကာသလမ်းလျှောက်ခြင်းကို ဆောင်ရွက်ပြီးစီးခဲ့ကြောင်း သိရသည်။

ဝါကာတာကိုချိနှင့် အမေရိကန် အာကာသအေဂျင်စီနာဆာမှ အခြားအာကာသယာဉ်မှူးတို့က ဖေဖော်ဝါရီ ၂ ရက်တွင် နိုင်ငံတကာအာကာသစခန်း(ISS)၏ အပြင်ဘက်သို့ ထွက်ခွာသွားခဲ့သည်။

အဆိုပါ အာကာသယာဉ်မှူးများ၏ အာကာသအတွင်း ၆ နာရီကျော်ကြာ လမ်းလျှောက်ကြောင်း သိရသည်။ အာကာသယာဉ်မှူးများက ပြီးခဲ့သည့်လအတွင်း ၎င်းတို့ဆောင်ရွက်ခဲ့သည့် အာကာသဆိုင်ရာလုပ်ငန်းများကို ဆက်လက်လုပ်ဆောင်ခဲ့သည်။

အာကာသအတွင်း လမ်းလျှောက်ပြီးနောက် ဝါကာတာကိုချိက ဂျပန်ပြည်သူများကို ၎င်းတို့၏ပံ့ပိုးကူညီမှုအတွက် ကျေးဇူးတင်ရှိပါကြောင်းနှင့် နိုင်ငံတကာအာကာသစခန်းကို အကောင်းဆုံးအသုံးချပြီး အာကာသမစ်ရှင်များတွင် စည်းလုံးညီညွတ်စွာ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ ဝါကာတာကိုချိက အာကာသထဲတွင် လမ်းလျှောက်သည့် ငါးယောက်မြောက် ဂျပန်အာကာသယာဉ်မှူးဖြစ်သည်။ ၎င်းက လကမ္ဘာနှင့် အင်္ဂါဂြိုဟ်သို့ အနာဂတ်လေ့လာရေးခရီးစဉ်အတွက် စမ်းသပ်မှုများပြုလုပ်ရန် ခြောက်လကြာမစ်ရှင်ဖြင့် ၂၀၂၂ ခုနှစ် အောက်တိုဘာလ ကတည်းက နိုင်ငံတကာအာကာသစခန်းတွင် နေထိုင်လျက်ရှိသည်။

ကိုးကား - အင်နှအိတ်ချ်ကေ၊ ဘာသာပြန် - အောင်ကျော်ကျော်

လက်ဘန္တန်နိုင်ငံ၌ နှင်းပွဲတော်ကျင်းပ၍ ခရီးသွားလုပ်ငန်းမြှင့်တင်

ဘေရွတ် ဖေဖော်ဝါရီ ၃

လက်ဘန္တန်နိုင်ငံ၌ ဖေဖော်ဝါရီ ၂ ရက်တွင် နှင်းပွဲတော်စတင်ကျင်းပရာ ပွဲတော်ကို လက်ဘန္တန်နိုင်ငံ ခရီးသွားလုပ်ငန်းဝန်ကြီး ဝါလစ်နာဆာက ဖွင့်လှစ်ပေးခဲ့သည်။ အဆိုပါပွဲတော်ကို နိုင်ငံအတွင်းသို့ ပြည်ပခရီးသည်များ အများအပြား ဝင်ရောက်လာစေရေးအတွက် ရည်ရွယ်ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

မိမိတို့အနေဖြင့် လက်ရှိအချိန်တွင် နိုင်ငံအတွင်းရှိ ခရီးသွားလုပ်ငန်းများ၊ ခရီးသွားလုပ်ငန်းနှင့် ဆက်စပ်နေသည့် ဝန်ကြီးဌာနများ အပါအဝင် လုံခြုံရေး ဆိုင်ရာ တာဝန်ရှိသူများ ပူးပေါင်းကာ လက်ဘန္တန်နိုင်ငံသို့ ပြည်ပခရီးသည် အများအပြားလာရောက်ရေး ဝိုင်းဝန်း ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း နှင်းပွဲတော်ဖွင့်ပွဲအခမ်းအနားတွင် ၎င်းက ပြောကြားသည်။ ဖေဖော်ဝါရီ ၃ ရက်မှ စတင်၍ လက်ဘန္တန်နိုင်ငံ လေကြောင်း လိုင်းနှင့် အရှေ့အလယ်ပိုင်းနိုင်ငံများရှိ လေကြောင်းလိုင်းများ၏ လက်မှတ်ခနှုန်းထားများ လျှော့ချပေးမည်ဖြစ်သဖြင့် နိုင်ငံခြားသားများနှင့် ပြည်ပရောက် လက်ဘန္တန်နိုင်ငံသားများအား နိုင်ငံအတွင်း ကျင်းပနေသည့် နှင်းပွဲတော်ကို လာရောက်လည်ပတ်ရန် ဖိတ်ခေါ်ကြောင်း ၎င်းက ပြောကြားသည်။

လက်ဘန္တန်နိုင်ငံ၌ လက်ရှိအချိန်တွင် ဘဏ္ဍာရေးအကျပ်အတည်း ကြုံတွေ့နေရသဖြင့် ပြည်ပခရီးသည်များ နိုင်ငံအတွင်း ပိုမိုလာရောက်စေရေးအတွက် နိုင်ငံအတွင်းရှိ ဟိုတယ်များနှင့် စားသောက်ဆိုင်များအား စျေးနှုန်းလျှော့ချဆွဲဆောင်သည့်မူဝါဒချမှတ်ထားပြီး ပြည်ပခရီးသည်များ၏ လုံခြုံရေးကိုပါ အထူးကြပ်မတ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ကိုးကား - ဆင်ဟွာ**

ဘာသာပြန် - စိုးသူရ

လာအိုနိုင်ငံ၌ ၂၀၂၂ ခုနှစ်အတွင်း ယာဉ်မတော်တဆမှု ၆၄၄၀ ဖြစ်ပွား

ဗီယင်ကျန်း ဖေဖော်ဝါရီ ၃

လာအိုနိုင်ငံ၌ ၂၀၂၂ ခုနှစ်အတွင်း ယာဉ်မတော်တဆဖြစ်ပွားမှုများကြောင့် ၉၄၇ ဦး သေဆုံးပြီး ၆၃၁၅ ဦး ဒဏ်ရာရခဲ့ကြောင်း သိရသည်။

၂၀၂၂ ခုနှစ်အတွင်း နိုင်ငံ တစ်ဝန်း၌ ယာဉ်မတော်တဆမှု ၆၄၄၀ ဖြစ်ပွားခဲ့ပြီး ၉၄၇ ဦး သေဆုံးကာ ၆၃၁၅ ဦး ဒဏ်ရာရရှိခဲ့ကြောင်း လာအိုပြည်သူ့လုံခြုံရေးဝန်ကြီးဌာန လက်အောက်ရှိ ယာဉ်ထိန်းရဲဌာနက ထုတ်ပြန်သည့် အစီရင်ခံစာတစ်ရပ်အရ သိရသည်။

လာအိုမြို့တော် ဗီယင်ကျန်းတွင် ယာဉ်မတော်တဆမှု ၁၀၉၂ မှု အများဆုံး ဖြစ်ပွားခဲ့သည်။ ချမ်ပါဆက်ခ်ပြည်နယ်၌ ၇၈၇ မှုနှင့် ဆာဗန်နတ်ခတ်ပြည်နယ်တွင် ၆၀၈ မှုတို့ဖြစ်သည်။

ယာဉ်မတော်တဆ ဖြစ်ပွားမှုများကြောင့် ပျက်စီးဆုံးရှုံးမှုတန်ဖိုးမှာ လာအိုကစ်ဒွေ ၁၀၃ ဘီလီယံ (အမေရိကန်ဒေါ်လာ ခြောက်သန်းကျော်)ရှိကြောင်း ခန့်မှန်းထားသည်။ နိုင်ငံအတွင်း ယာဉ်မတော်တဆမှုဖြစ်ပွားရသည့် အဓိကအကြောင်းအရင်းများမှာ ယာဉ်မောင်းများ အရက်သေစာသောက်စားပြီး မောင်းနှင်ခြင်းကြောင့်ဖြစ်ကြောင်း သိရသည်။

နိုင်ငံတစ်ဝန်း ယာဉ်မတော်တဆမှု အရေအတွက်မှာ အစောပိုင်းနှစ်များနှင့် နှိုင်းယှဉ်ပါက ၂၀၂၂ ခုနှစ်တွင် မြင့်တက်လာခဲ့သည်။

၂၀၂၁ ခုနှစ်တွင် လာအိုနိုင်ငံ၌ ယာဉ်မတော်တဆမှု ၅၅၇၆ မှု ဖြစ်ပွားခဲ့ပြီး ၈၃၁ ဦး သေဆုံးကာ ၈၃၈၈ ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း အစီရင်ခံစာတွင် ဖော်ပြထားသည်။ **ကိုးကား - ဆင်ဟွာ**

ဘာသာပြန် - အောင်ကျော်ကျော်

သရက်ချောင်းမြို့နယ် ညောင်ဇင်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း (ညောင်ဇင်)အား PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့ လာရောက်မီးရှို့ဖျက်ဆီး

နေပြည်တော် ဖေဖော်ဝါရီ ၃

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ် ညောင်ဇင်ကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်း(ညောင်ဇင်)အား ယနေ့မွန်းလွဲပိုင်းတွင် PDF အမည်ခံအကြမ်းဖက်သမားများက အကြောင်းမဲ့ လာရောက် မီးရှို့ခဲ့ကြောင်း သိရသည်။

ထိုကဲ့သို့ PDF အမည်ခံ အကြမ်းဖက်သမားများက အခြေခံပညာအထက်တန်းကျောင်း (ညောင်ဇင်) ကို မီးရှို့ခဲ့ကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများက မီးသတ်ယာဉ် သုံးစီးဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီ မိနစ် ၅၀ ခန့်တွင် မီးငြိမ်းသွားခဲ့သည်။ အဆိုပါ မီးလောင်မှုကြောင့် စာသင်ဆောင်နှစ်ဆောင်နှင့် ခန်းမတစ်ဆောင်တို့ မီးလောင်ပျက်စီးဆုံးရှုံးခဲ့ရသည်။

အခြေခံပညာအထက်တန်းကျောင်း (ညောင်ဇင်)၌ လက်ရှိအချိန်တွင် ကျောင်းသား ကျောင်းသူများ ပညာသင်ကြားနေခြင်းမရှိဘဲ ကျောင်းသား ကျောင်းသူများအနေဖြင့် ထားဝယ်မြို့ရှိ စာသင်ကျောင်းများနှင့် ညောင်ဇင်ကျေးရွာရှိ ဘုန်းတော်ကြီးကျောင်းတို့တွင် ပညာသင်ကြားလျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ပညာရေးဆိုင်ရာ အဆောက်အအုံများအား အကြောင်းမဲ့လာရောက်မီးရှို့ဖျက်ဆီးခဲ့သူများနှင့် ပါဝင်ပတ်သက်သူများအား တရားဥပဒေနှင့်အညီ အရေးယူနိုင်ရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် စုံစမ်းစစ်ဆေးရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

KNLA အဖွဲ့မှ ထောင်ထားသည့် ဒေသန္တရကားမိုင်းတစ်လုံးကို မော်တော်ယာဉ်တစ်စီးနင်းမိပေါက်ကွဲ အပြစ်မဲ့ပြည်သူလေးဦး မိုင်းစထိမှန်ဒဏ်ရာများရရှိ

နေပြည်တော် ဖေဖော်ဝါရီ ၃

ပဲခူးတိုင်းဒေသကြီး ကျောက်ကြီးမြို့ဘက်မှ နတ်သံကွင်းဘက်သို့ဒေသထွက်ပစ္စည်းများရောင်းချရန် မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးသည် ယနေ့ နံနက်ပိုင်းတွင် နတ်သံကွင်း-ကျောက်ကြီးသွား ကားလမ်းပေါ်၌ KNLA အဖွဲ့မှ အကြမ်းဖက်မှုကို လိုလားသူများ ထောင်ထားသည့် ဒေသန္တရ ကားမိုင်းတစ်လုံး နင်းမိပေါက်ကွဲခဲ့သဖြင့် အပြစ်မဲ့ပြည်သူလေးဦး မိုင်းစထိမှန် ဒဏ်ရာများ ရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကျောက်ကြီးမြို့ကပ်ကျေး ရပ်ကွက်နေသူများ ဖြစ်သည့် ဦးအောင်အောင်မောင်းနှင်ပြီး ဒေါ်ဇာခြည်ဦး၊ မောင်လွင်ကိုအောင်၊ မောင်အောင်သူရမျိုးလွင်နှင့် အသက်ခုနစ်နှစ် အရွယ် မရှင်းသန့်လင်းတို့ လိုက်ပါ၍ ဒေသထွက်ပစ္စည်းများရောင်းချရန် မောင်းနှင်လာသည့် မော်တော်ယာဉ်သည် ယနေ့နံနက် ၁၀ နာရီ မိနစ် ၂၀ ခန့်တွင် နတ်သံကွင်း-ကျောက်ကြီးသွား ကားလမ်းပေါ်ရှိ ညောင်ကုန်းတံတား ရှောင်ကွင်းလမ်းသို့အရောက်၌ KNLA အဖွဲ့မှ ထောင်ထားသည့် ဒေသန္တရ ကားမိုင်းတစ်လုံးကို နင်းမိပေါက်ကွဲခဲ့ကြောင်း၊ အဆိုပါ နေရာသို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်စစ်ဆေးရာ မိုင်းပေါက်ကွဲမှုကြောင့် မော်တော်ယာဉ်ပျက်စီးခဲ့ပြီး ယာဉ်ပေါ်ပါ အပြစ်မဲ့ပြည်သူ လေးဦး မိုင်းစထိမှန်ဒဏ်ရာများ ရရှိခဲ့သဖြင့် ကျောက်ကြီးမြို့နယ် ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်းနှင့် မိုင်းပေါက်ကွဲသည့် နေရာအား ပြန်လည်ပြုပြင်ပြီးစီး၍ လူနှင့်ယာဉ်များ ပုံမှန်အတိုင်း ဖြတ်သန်း သွားလာလျက်ရှိကြောင်း သိရသည်။

အဆိုပါ နေရာတစ်ဝိုက်သို့ လုံခြုံရေးတပ်ဖွဲ့ဝင်များက လုံခြုံရေးလုပ်ငန်းစဉ်များနှင့် အညီ ဆက်လက် ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ Drone အသုံးပြု၍ Drop Bomb များ ပစ်ချတိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦးနှင့် ဒေသခံပြည်သူ လေးဦး သေဆုံး၊ ဒဏ်ရာရ

နေပြည်တော် ဖေဖော်ဝါရီ ၃

ကရင်ပြည်နယ် လှိုင်းဘွဲမြို့နယ် ရွှေဥန်းကျေးရွာအတွင်းသို့ KNLA အဖွဲ့နှင့် PDF အမည်ခံအကြမ်းဖက်သမားများ၏ Drone အသုံးပြု၍ Drop Bomb များဖြင့် ပစ်ချတိုက်ခိုက်ခဲ့မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင် နှစ်ဦးနှင့် ဒေသခံပြည်သူနှစ်ဦးတို့ ဒဏ်ရာရရှိခဲ့ပြီး ဒေသခံပြည်သူ နှစ်ဦး သေဆုံးခဲ့သည်။

ဒေသခံပြည်သူ နှစ်ဦး သေဆုံးခဲ့

ဖြစ်စဉ်မှာ ယနေ့နံနက် ၉ နာရီခွဲခန့်တွင် KNLA အဖွဲ့နှင့် PDF အမည်ခံ အကြမ်းဖက်သမားများသည် ရွှေဥန်းကျေးရွာအတွင်းသို့ Drone ယာဉ်နှစ်စင်းအသုံးပြု၍ Drop Bomb များဖြင့် အကြောင်းမဲ့ ပစ်ချတိုက်ခိုက်ခဲ့ရာ ကျေးရွာအတွင်းရှိ နေရာနှစ်နေရာသို့ Drop Bomb နှစ်လုံး ကျရောက်ပေါက်ကွဲခဲ့ကြောင်း၊ ထိုသို့ ကျရောက်ပေါက်ကွဲခဲ့သည့်နေရာများကို လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံများက သွားရောက်စစ်ဆေးလျက်ရှိစဉ် Drop Bomb တစ်လုံး ထပ်မံကျရောက်ပေါက်ကွဲခဲ့သဖြင့် လုံခြုံရေး တပ်ဖွဲ့ဝင် နှစ်ဦးနှင့် ဒေသခံပြည်သူ နှစ်ဦးတို့ ဒဏ်ရာရရှိခဲ့ပြီး ဒေသခံပြည်သူ နှစ်ဦး သေဆုံးခဲ့သည်။

ဖြစ်စဉ်တွင် ထိခိုက်ဒဏ်ရာရရှိခဲ့သည့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံ ပြည်သူများကို တောင်ကလေးရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ ပို့ဆောင်ဆေးကုသမှု ခံယူစေလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၃

အကြမ်းဖက်အုပ်စုအဖြစ်ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂ (က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ် ဆက်သွယ်ဆောင်ရွက်ရေးဥပဒေ ပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း နေပြည်တော် ပြည်ထောင်စုနယ်မြေ ပျဉ်းမနားမြို့ မင်္ဂလာရပ်ကွက်နေ ခင်ဖုန်းဇော်(ခ) စုလှိုင်ဝင်းသည် ၎င်းအသုံးပြုသည့် “Su Hlaing Win” Facebook အကောင့်၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ဇမြေဝတီရပ်ကွက်နေ ချစ်မင်းနိုင်သည် ၎င်းအသုံးပြုသည့် “Chit Min Naing” Facebook အကောင့်၊ ပဲခူးတိုင်းဒေသကြီး ဒိုက်ဦးမြို့ မင်းတဲရပ်ကွက်နေ စန်းအောင်သည် ၎င်းအသုံးပြုသည့် “U San Aung” Facebook အကောင့်၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွှန့်မြို့နယ် စံပြဖဆပလ ရပ်ကွက်နေ ပြည့်ဖြိုးလင်း(ခ) ကိုဖြိုးသည် ၎င်းအသုံးပြုသည့် “Phyaephyo Lin” Facebook အကောင့်၊ ရှမ်းပြည်နယ်(တောင်ပိုင်း) တောင်ကြီးမြို့နယ် ရွှေညောင်မြို့နေ ခန့်ခန့်ဟိန်းသည် ၎င်းအသုံးပြုသည့် “Khant Khant Hein” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

ထိုင်းနိုင်ငံတွင်ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် ပြန်လာရန်အခက်အခဲဖြစ်ပေါ်လျက်ရှိသော မြန်မာနိုင်ငံသူ နိုင်ငံသားများကို အမိမြန်မာနိုင်ငံသို့ အောင်မြင်စွာပြန်လည်ခေါ်ဆောင်၍ သက်ဆိုင်ရာဒေသအသီးသီးသို့ ဆက်လက်ပို့ဆောင်

နေပြည်တော် ဖေဖော်ဝါရီ ၃

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မျှးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်အရ ထိုင်းနိုင်ငံတွင်ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ပြန်လာရန် အခက်အခဲကြုံတွေ့ခဲ့ရသော နေရပ်ပြန်မြန်မာနိုင်ငံသား ၆၇၉ ဦးတို့ကိုဘေး အန္တရာယ်ကင်းရှင်းစွာဖြင့် မိမိနေအိမ်များသို့ အမြန်ပို့ဆောင်ပေးရန်နှင့် အလှမ်းဝေးသည့်နေရပ်များသို့ တပ်မတော်(ရေ)မှ စစ်ရေယာဉ်ကြီးများဖြင့် ပို့ဆောင်ပေးရန် လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ဖေဖော်ဝါရီ ၂ ရက် ညနေပိုင်းတွင် ကော့သောင်းမြို့သို့ရောက်ရှိနေသော နေရပ်ပြန်မြန်မာနိုင်ငံသား ၆၇၉ ဦးအနက် တနင်္သာရီတိုင်းဒေသကြီးအတွင်း နေထိုင်သူ နေရပ်ပြန်များကို ကော့သောင်းမြို့မှတစ်ဆင့် မော်တော်ယာဉ်များဖြင့် သက်ဆိုင်ရာမြို့နယ်များသို့ ဆက်လက်ပို့ဆောင်ပေးသည်။ ယနေ့နံနက်ပိုင်းတွင်လည်း ကော့သောင်းမြို့၌ ရောက်ရှိနေသော နေရပ်ပြန်မြန်မာနိုင်ငံသားများကို စနစ်တကျ နေရာချထားပေးပြီး အာဟာရပြည့်စားသောက်ဖွယ်ရာများ ကျွေးမွေး၍ ကိုယ်လက်လေ့ကျင့်ခန်းများ ဆောင်ရွက်စေခြင်း၊ ရေယာဉ်ပေါ်တွင် ကျန်းမာရေးဆိုင်ရာစောင့်ရှောက်မှုများ အနီးကပ်ဆောင်ရွက်ပေးခြင်း၊ ဖျော်ဖြေရေးအစီအစဉ်များနှင့် ရုပ်ရှင်များ ပြသပေးခြင်းတို့ကို ဆောင်ရွက်ပေးသည်။

နေရပ်ပြန်ပြည်သူတစ်ဦး

နေရပ်ပြန်ပြည်သူတစ်ဦး

နေရပ်ပြန်ပြည်သူတစ်ဦး

နေရပ်ပြန်ပြည်သူတစ်ဦး

ရန်ကုန်တိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့မှ နေရပ်ပြန် မြန်မာနိုင်ငံသား ၁၇၀ ကို တပ်မတော်(ရေ)မှ စစ်ရေယာဉ်(ကျန်စစ်သား)ဖြင့် တင်ဆောင်၍ ၎င်းတို့အနက် မွန်ပြည်နယ်မှ ၅၂ ဦးကို မော်လမြိုင်မြို့သို့ ပြောင်းရွှေ့ပို့ဆောင်ပေးမည်ဖြစ်ပြီး ကျန်ရှိသည့်နေရပ်ပြန်များအား ရန်ကုန်မြို့သို့ ဆက်လက်ပို့ဆောင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ဝေးလံသော ရခိုင်ပြည်နယ်မှ နေရပ်ပြန် ၁၁၁ ဦးကို တပ်မတော်(ရေ)မှ စစ်ရေယာဉ် (အနော်ရထာ)ဖြင့် စစ်တွေမြို့နှင့် ကျောက်ဖြူမြို့များမှတစ်ဆင့် သက်ဆိုင်ရာမြို့များသို့ ဘေးအန္တရာယ်ကင်းရှင်းစွာဖြင့် မိသားစုများနှင့် အမြန်ပြန်လည်တွေ့ဆုံနိုင်စေရန် ပို့ဆောင်ပေးမည်ဖြစ်ကြောင်း သိရသည်။

စစ်ရေယာဉ်များပေါ်တွင် လိုက်ပါလာသော

အဆိုပါ ထိုင်းနိုင်ငံရောက် နေရပ်ပြန်မြန်မာနိုင်ငံသားများ၏ အမိမြေသို့ ဝမ်းပန်းတသာအောင်မြင်စွာ ရောက်ရှိခဲ့မှုအပေါ်ယခုကဲ့သို့ ကြားသိရပါသည်။

နေရပ်ပြန်ပြည်သူတစ်ဦး

Facebook ပေါ်ကအဆက်အသွယ်နဲ့ ထိုင်းနိုင်ငံမှာ အလုပ်သွားလုပ်ရမယ်၊ ဝင်ငွေကောင်းကောင်းရမယ်ဆိုလို့ ကျွန်မအလုပ်သွားလုပ်ခဲ့ပါတယ်။ ကျွန်မတို့ အစားအသောက်ကလည်း တအားကို ဒုက္ခရောက်ပါတယ်။ ရေချိုးရတာလည်း အဆင်မပြေပါဘူး။ ယောကျ်ားလေးတွေဆိုရင် ပိုဆိုးပါတယ်။ ခြေထောက်တွေမှာ ဝဲတွေပေါက်တယ်။ ဗိုက်တွေမှာ ဝဲတွေပေါက်တယ်။ ဒီလိုအချိန်မှာ အလွန်ကို အိမ်ပြန်ချင်တာပေါ့နော်။ မြန်မာဆိုပြီးတော့လည်း တအားလည်း နှိမ်ပါတယ်။ ကျွန်မတို့ရဲ့ ပြန်ချင်တဲ့ ဒုက္ခတွေ၊ သောကတွေကို မျှဝေခံစားပေးတဲ့ ဗိုလ်ချုပ်မှျးကြီးမင်းအောင်လှိုင်ရဲ့ ကျေးဇူးကြောင့်လည်း ကျွန်မတို့အခုလို ပြန်ရောက်လာခဲ့တာပါ။ ဗိုလ်ချုပ်မှျးကြီးကို အလွန်လည်းကျေးဇူးတင်ပါတယ်။ ဒီနေရာကနေ လက်ဆယ်ဖြာထိပ်မှာမိုးရှိခိုးကန်တော့ပါတယ်။ ကိုယ့်ရပ်ကိုယ့်ရွာကို ပြန်ရောက်ရင်လည်း ရှိတဲ့အလုပ်လေးလုပ်ပြီးတော့ အဆင်ပြေအောင်နေသွားပါမယ်။ နောက်တစ်ခါလည်း နိုင်ငံခြားကို ပြန်သွားဖို့အစီအစဉ်လည်း မရှိတော့ပါဘူး။ ပြန်သွားဖို့အစီအစဉ်လည်း မရှိတော့ပါဘူး။ ကျွန်မတို့အနေနဲ့ ကိုယ်တတ်တဲ့ ပညာနဲ့ နိုင်ငံတော်ကို အကျိုးပြုသွားမယ်လို့လည်း ကတိပြုပါတယ်။ ကျွန်မတို့ရဲ့သောကတွေ၊ ဒုက္ခတွေကို ဝေမျှခံစားပေးတဲ့ နိုင်ငံတော်အကြီးအကဲတွေကိုလည်း ကျေးဇူးတင်ပါတယ်။

နေရပ်ပြန်ပြည်သူတစ်ဦး

ဟိုမှာနေရတာတော့ သိပ်အဆင်မပြေဘူး။ အိပ်တာလည်း အခင်းလည်းမရှိဘူး။ အထက်ကလည်း ခြုံစရာလည်းမရှိဘူး။ ကျန်းမာရေးအတွက်တွေလည်း စိုးရိမ်ရတယ်။ ကိုယ်ကကျန်းမာရေးကောင်းတော့ ကိစ္စမရှိဘူး။ သူများတွေအတွက်တော့ စိတ်မကောင်းဘူး။ စားရတာလည်း အဆင်မပြေဘူး။ ထမင်းလည်း နည်းနည်းလေးပဲ၊ ဟင်းလည်းနည်းနည်းလေးပဲ။ ကြက်သားဟင်းလည်း နည်းနည်းလေးပဲ။ ဘယ်အချိန်ပြန်ရမလဲဆိုတာ မသိဘူး။ လက်တလောပြန်ရမယ်ဆိုတာ သိလိုက်ရတော့အလိုလိုဝမ်းမြောက်မိတယ်။ ဝမ်းလည်းသာတယ်။ အိမ်ပြန်ချင်လွန်းလို့ မိသားစုနဲ့လည်းတွေ့ချင်တယ်။

နေရပ်ပြန်ပြည်သူတစ်ဦး

ကျွန်မရွာမှာလည်း အလုပ်အကိုင်မရှိလို့ ထိုင်းကို သွားပါတယ်။ ဆွေမျိုးတွေကခေါ်လို့။ အခုလမ်းမှာ အဖမ်းခံရပါတယ်။ အချုပ်ထဲမှာ ခြောက်လကျော်ကျော်နေခဲ့ရပါတယ်။ ကျန်းမာရေးကလည်း သိပ်မကောင်းပါဘူး။ အစားအသောက်ကလည်း အဆင်မပြေဘူး။ အဲဒီမှာနေရတာလည်း ဘယ်လိုမှ အဆင်မပြေဘူး။ အဝတ်တွေကလည်း ပေါက်တဲ့သူတွေပေါက်။ ရေချိုးရတာလည်းအဆင်မပြေဘူး။ ကျွန်မလည်း ဘယ်နေ့လာခေါ်မလဲလို့ မျှော်လင့်နေတယ်။ တစ်ခါလာလည်း ကျွန်မတို့မပါဘူး။ ခြောက်လကျော်ကျော်နေခဲ့ရတယ်။ အခုမှ လွတ်မြောက်လာတယ်။ မောင်လေးကိုလည်းမျှော်လင့်တယ်။ မောင်လေးပါမလားလို့ မျှော်လင့်တယ်။ အတူတူပြန်ချင်တယ်။ အခုကျွန်မကို လာခေါ်တဲ့အချိန်မှာ ပျော်တယ်။ နေလို့လည်းမရဘူး။ စားလို့လည်းမရဘူး။ မအိပ်ဘဲနဲ့ ထိုင်နေတယ်။ ကျွန်မတို့ကို လွတ်မြောက်အောင်လုပ်ပေးတဲ့ ဗိုလ်ချုပ်မှျးကြီးမင်းအောင်လှိုင်ကို အထူးပဲ ကျေးဇူးတင်ပါတယ်။

နေရပ်ပြန်ပြည်သူတစ်ဦး

ကျွန်တော်အချုပ်ထဲမှာ လေး၊ ငါးလလောက်နေခဲ့ရတယ်။ တော်တော်စိတ်ဆင်းရဲရတယ်။ တော်တော်ဆိုးပါတယ် အချုပ်အခြေအနေကတော့။ စားရေးသောက်ရေးကတော့ လုံးဝအဆင်မပြေပါဘူး။ ထမင်းက နည်းနည်းလေးပဲစားရပါတယ်။ ရေချိုးရတာလည်း အဆင်မပြေပါဘူး။ လေးခွက် ငါးခွက် အဲလောက်ပဲချိုးရပါတယ်။ အခန်းသေးလေးတစ်ခန်းကို လူ ၁၈၀/ ၁၉၀ ထည့်ထားပါတယ်။ ဘယ်လိုမှ အဆင်မပြေပါဘူး။ ညဆိုလည်း အိပ်လို့မရပါဘူး။ ညဆိုတစ်ညလုံး ထိုင်နေရပါတယ်။ တော်တော်ဆိုးပါတယ်။ တော်တော်လည်း စိတ်ဆင်းရဲရပါတယ်။ အဲဒီအထဲမှာနေရတာ။ ကျန်းမာရေးတစ်ခုခုဖြစ်ရင်လည်း တော်တော်ဆိုးပါတယ်။ ဆေးဝါးတွေလည်း မရဘူး။ ကိုယ်ဖြစ်ကိုယ်ခံလိုက် အဲဒီလိုပါပဲ။ အသက်ဆုံးရှုံးရတာ အများကြီးရှိပါတယ်။ တော်တော်ဝမ်းနည်းရပါတယ်။ တော်တော်ဆိုးပါတယ်။ ခုလို မမျှော်လင့်ဘဲ နေရပ်ပြန်ရမယ်ဆိုတော့ တော်တော်ဝမ်းသာပါတယ်။ ပီတိဖြစ်ရပါတယ်။ ကျွန်တော်တို့ ပြန်ရမယ်ဆိုတာ သိရတဲ့အချိန်မှာ အိပ်တောင်အိပ်မပျော်ပါဘူး။ တစ်ညလုံးထိုင်စောင့်နေကြပါတယ်။ တအားပျော်သလို တအားဝမ်းသာပါတယ်။ ဒီလိုပြန်ရဖို့အတွက် စီစဉ်ပေးတဲ့အတွက် တအားဝမ်းသာပါတယ်။ အစစအရာရာစီစဉ်ပေးတဲ့အတွက် ဒီကအစ်ကိုတွေရော အကြီးအကဲတွေရော ကျေးဇူးတင်ပါတယ်။

သတင်းစဉ်

အင်းစိန်မြို့နယ်၌ ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်း

ရန်ကုန် ဖေဖော်ဝါရီ ၃

အင်းစိန်မြို့နယ်၌ အများပြည်သူများ ဓာတ်အားပြတ်တောက်မှုမရှိစေရန်၊ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရန်၊ ဓာတ်အားပျောက်ဆုံးမှုလျော့နည်းစေရေးနှင့် ဗို့အားပြည့်ဝစွာ အသုံးပြုနိုင်စေရန် ရည်ရွယ်၍ လျှပ်စစ်ဓာတ်အား ပျောက်ဆုံးမှုများ လျော့ချနိုင်ရေးအတွက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသည့် သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းကို ယနေ့ နံနက် ၉ နာရီတွင် စော်ဘွားကြီးကုန်းရပ်ကွက် ရန်ကုန်-ပြည်လမ်းတစ်လျှောက်တွင် ဆောင်ရွက်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် ရန်ကုန်မြောက်ပိုင်းခရိုင် လျှပ်စစ်မန်နေဂျာရုံး၏ ကြီးကြပ်မှုဖြင့် အင်းစိန်မြို့နယ် လျှပ်စစ်မန်နေဂျာရုံးမှ ဝန်ထမ်းများနှင့် စည်ပင်ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာန ဝန်ထမ်းများ၊ အင်းစိန်မြို့နယ် စော်ဘွားကြီးကုန်းရပ်ကွက် ရန်ကုန်-ပြည်လမ်းတစ်လျှောက် ဓာတ်အားလိုင်းနှင့် မလွတ်ကင်းသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး ရရှိလာသော သစ်ပင်၊ သစ်ကိုင်းများနှင့် အမှိုက်များအား အမှိုက်သယ်ကားဖြင့် ထိန်ပင်အမှိုက်ကုန်းသို့ စနစ်တကျ ပို့ဆောင်ခဲ့ကြောင်း သိရသည်။

မြင့်ဦး

နည်းပညာတက္ကသိုလ်(မော်လမြိုင်) မောင်မယ်သစ်လွင်ကြိုဆိုပွဲ ကျင်းပ

မော်လမြိုင် ဖေဖော်ဝါရီ ၃

နည်းပညာတက္ကသိုလ်(မော်လမြိုင်)၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ်တွင် ဖွင့်လှစ်သည့် ပထမနှစ်သင်တန်းသို့ တက်ရောက်ခွင့်ရရှိသည့်ကျောင်းသား ကျောင်းသူများအားကြိုဆိုသည့် မောင်မယ်သစ်လွင်ကြိုဆိုပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းက အဆိုပါတက္ကသိုလ်ခန်းမ၌ ကျင်းပသည်။

မောင်မယ်သစ်လွင်ကြိုဆိုပွဲတွင် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်းက ဆရာ ဆရာမများကို မှာကြားလိုသည်မှာ သတင်းအချက် အလက်ကြွယ်ဝပြီး စဉ်ဆက်မပြတ် ပြောင်းလဲသော ပတ်ဝန်းကျင်တွင် ကျောင်းသား ကျောင်းသူများကို ထိထိရောက်ရောက် သင်ကြားပေးနိုင်ရန် သင်ရိုးညွှန်းတမ်းနှင့် သင်ကြား/သင်ယူမှုလုပ်ငန်းစဉ်ကို မည်သို့အသွင်ပြောင်းရမည်ဆိုသည့်အချက်သည် ပညာရေးစနစ်အတွက်အရေးကြီးပါကြောင်း၊ ပညာသင်ကြားရေးတွင်စာသင်ကျောင်းသည် စာပေသင်ကြားပေးသည့် နေရာသက်သက်သာမဟုတ်ဘဲ ပညာရေး၏ အနှစ်သာရဖြစ်သည့် အသိဉာဏ်ပညာဆိုင်ရာ ဗဟုသုတများ ပေးအပ်ခြင်း၊ စဉ်းစားတွေးခေါ်နိုင်စွမ်း၊ အမှားအမှန်ခွဲခြားသုံးသပ်နိုင်စွမ်းနှင့် နိုင်ငံသားကျင့်ဝတ်၊ လူမှုကျင့်ဝတ်များကို သင်ကြားပေးနိုင်ရန် အားထုတ်ကြိုးပမ်းရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မော်လမြိုင်တက္ကသိုလ် ဒုတိယပါမောက္ခချုပ် ဒေါက်တာမင်းဇော်အောင်က နှုတ်ခွန်းဆက်စကားပြောကြားသည်။

ထို့နောက် ကျောင်းသား ကျောင်းသူများက "သွေးချင်းတို့ဌာနေမြန်မာပြည်"၊ "လယ်သမားယိမ်း"၊ " မဟာသီချင်း" တို့ဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက သင်တန်းအသီးသီးတွင် ပထမ အဆင့်ဖြင့် အောင်မြင်ခဲ့ကြသော ကျောင်းသား ကျောင်းသူများအား ပညာရည်ထူးချွန်ဆုများ ချီးမြှင့်ကာ နည်းပညာတက္ကသိုလ် (မော်လမြိုင်)အတွက် အားကစားပစ္စည်းများနှင့်ထောက်ပံ့ငွေကျပ် ၁၀ သိန်းကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ နည်းပညာတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ်က လက်ခံရရယူခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ပုသိမ်ခရိုင်အတွင်းရှိ Gasifire သုံးဆန်စက်လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

ပုသိမ် ဖေဖော်ဝါရီ ၃

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးအတွက် ပုသိမ်ခရိုင်အတွင်းရှိ Gasifire သုံးဆန်စက်လုပ်ငန်းရှင်များနှင့်တွေ့ဆုံပွဲအခမ်းအနားကို ယမန်နေ့မွန်းလွဲပိုင်းက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန စုပေါင်းရုံးအစည်းဝေးခန်းမ၌ ကျင်းပသည်။

ရှေးဦးစွာ ဧရာဝတီတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးအုန်းမြင့်က အဖွင့်အမှာစကားပြောကြားပြီး တိုင်းဒေသကြီးစက်မှုကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ ဆန်စက်များတွင် Gasifire အသုံးပြုခြင်းအားဖြင့် ဖြစ်ပေါ်လာမည့် ကောင်းကျိုးဆိုးကျိုးများနှင့် ပတ်ဝန်းကျင်သို့ထိခိုက်စေနိုင်သည့် အကြောင်းအရာများနှင့် ပတ်သက်၍လည်းကောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာနမှ Gasifire များ အသုံးပြုခြင်းဖြင့် လေထုနှင့်ရေထုတွင်သာမက ညစ်ညမ်းမှုအများအပြားဖြစ်ပေါ်မှု၊ ရေဆိုးများ သန့်စင်ခြင်း၊ စွန့်ပစ်ဖွဲပြာများမှ ဆိုးကျိုးများနှင့်ပတ်သက်သည့် အကြောင်းအရာတို့ကိုလည်းကောင်း ပရိုဂျက်တာဖြင့်ရှင်းလင်းဆွေးနွေးပြီး တက်ရောက်လာသူများက အပြန်အလှန် ဆွေးနွေးခဲ့ကြသည်။ ထို့နောက် တိုင်းဒေသကြီးစီးပွားရေးရာဝန်ကြီး ဦးတင်အေးက နိဂုံးချုပ်စကားပြောကြားခဲ့သည်။

တွေ့ဆုံပွဲအခမ်းအနားသို့ ဧရာဝတီတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး၊ စီးပွားရေးရာဝန်ကြီးနှင့် တာဝန်ရှိသူများ၊ ပုသိမ်ခရိုင်အတွင်းရှိ Gasifire သုံးဆန်စက်လုပ်ငန်းရှင်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့်
ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၄-၂-၂၀၂၃

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	ပဲခူး	မကွေး	ထားဝယ်	မုံရွာ	ပုသိမ်	မြစ်ကြီးနား	စစ်တွေ	ဘားအံ	မော်လမြိုင်	လားရှိုး	တောင်ကြီး	လွိုင်ကော်	ဟားခါး	ကျိုင်းတုံ
92 Ron	၂၁၃၀	၂၁၈၀	၂၁၇၀	၂၁၄၀	၂၁၇၅	၂၂၀၀	၂၁၈၅	၂၁၆၅	၂၂၆၀	၂၂၇၅	၂၁၇၀	၂၁၈၀	၂၂၁၅	၂၂၁၅	၂၂၂၀	၂၄၄၅	၂၉၀၀
95 Ron	၂၁၉၅	၂၂၄၅	၂၂၄၀	၂၂၀၅	၂၂၄၀	၂၂၆၅	၂၂၅၀	၂၂၃၀	၂၃၂၅	၂၃၄၅	၂၂၃၅	၂၂၅၀	၂၂၈၀	၂၂၈၀	၂၂၈၅	၂၅၁၅	၂၉၈၀
HSD (500 ppm)	၂၂၇၀	၂၃၁၅	၂၃၁၅	၂၂၇၅	၂၃၁၅	၂၃၄၀	၂၃၃၅	၂၃၀၀	၂၄၂၀	၂၄၁၅	၂၃၀၅	၂၃၀၅	၂၃၅၀	၂၃၅၅	၂၃၅၅	၂၅၈၅	၃၅၀၀
HSD (50 ppm)	၂၃၅၀	၂၃၉၅	၂၃၉၅	၂၃၅၅	၂၃၉၅	၂၄၂၀	၂၄၁၅	၂၃၈၀	၂၅၀၀	၂၄၉၅	၂၃၈၅	၂၄၀၀	၂၄၃၅	၂၄၃၅	၂၄၃၅	၂၆၆၅	၃၅၃၀
HSD (10 ppm)	၂၃၅၀	၂၃၉၅	၂၃၉၅	၂၃၅၅	၂၃၉၅	၂၄၂၀	၂၄၁၅	၂၃၈၀	၂၅၀၀	၂၄၉၅	၂၃၈၅	၂၄၀၀	၂၄၃၅	၂၄၃၅	၂၄၃၅	၂၆၆၅	၃၅၃၀

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၂၀၂၁	၂၀၉၅
95 Ron	၂၀၈၅	၂၁၆၀
HSD (500 ppm)	၂၁၅၈	၂၂၃၁
HSD (50 ppm)	၂၂၃၂	၂၃၀၆
HSD (10 ppm)	၂၂၃၂	၂၃၀၆

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀۶۷- ၄၀၉၈၈၁၊ ၀۹-۶۹۹۶၁၁၁၁۶

၀۶۷- ၄၁၁၁၂၉၊ ၀۹-၄၄၀၄၃၃၅၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ချက်
အကြောင်းအမျိုးမျိုးကြောင့် နေရာဒေသအသီးသီးသို့ ရောက်ရှိနေကြသည့် မြန်မာနိုင်ငံသားများအား ပြန်လည်ဖိတ်ခေါ်ခြင်း

၁။ တပ်မတော်က နိုင်ငံတော်တာဝန်ကို လွှဲပြောင်းရယူခဲ့ရသည့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၁ ရက်နေ့ နောက်ပိုင်းမှစ၍ NLD ပါတီဝင်များ၊ ၎င်းပါတီကိုထောက်ခံသူ အစွန်းရောက်များ၊ မတရားအသင်းနှင့် အကြမ်းဖက်အုပ်စုများဖြစ်သည့် CRPH နှင့် NUG၊ CDM လှုံ့ဆော်မှုနှင့် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို မလိုလားသည့် ပြည်တွင်း၊ ပြည်ပမှ လူပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှု၊ ခြောက်လှန့်မှုတို့ကြောင့် အချို့သော ကျောင်းသား၊ ကျောင်းသူ လူငယ်လူရွယ်များ၊ နိုင်ငံ့ဝန်ထမ်းများနှင့် မိမိတို့နိုင်ငံသားများ

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM)လှုပ်ရှားမှုတွင် ငွေကြေးအရ ဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်

ယခုဖြစ်စဉ်ကာလအတွင်း လူသတ်မှု၊ လုယက်မှု၊ မီးရှို့မှု၊ မိုင်းဖောက်ခွဲမှု၊ လုံခြုံရေးတပ်ဖွဲ့ဝင်များအား ရည်ရွယ်ချက်ရှိရှိ တိုက်ခိုက်မှု၊ ပြည်သူ့ဝန်ထမ်းများနှင့် ပြည်သူအချို့အား အုပ်စုဖွဲ့ ကိုယ်ထိလက်ရောက်တိုက်ခိုက်မှု၊ အစိုးရပိုင် အဆောက်အဦများနှင့် ပုဂ္ဂလိကပိုင် အဆောက်အဦများအား ဖျက်ဆီးမှု၊ (CDM) လှုပ်ရှားမှုတွင် ငွေကြေးအရဖြစ်စေ၊ အခြားနည်းလမ်းဖြင့်ဖြစ်စေ၊ နက်ရှိုင်းစွာ ကာယကံမြောက် ပါဝင်သူများမှအပ စိုးရိမ်စိတ်ကြောင့် ထွက်ပြေးတိမ်းရှောင်နေကြသည့် ဝန်ထမ်းများ၊ အသိပညာရှင်၊ အတတ်ပညာရှင်များ၊ အခြားနယ်ပယ်အသီးသီးမှ ပုဂ္ဂိုလ်များ၊ နိုင်ငံသားများအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် အထူးသက်ညှာစွာ ဖြေလျှော့ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၄။ မိမိနေရပ်ဒေသအသီးသီးမှ စွန့်ခွာတိမ်းရှောင်နေရသူများသည်လည်း မိမိတို့နိုင်ငံသားများဖြစ်သောကြောင့် ၎င်းတို့အနေဖြင့် တိမ်းရှောင်ရောက်ရှိနေရာများမှ မြန်မာနိုင်ငံရှိ ၎င်းတို့ဒေသအသီးသီးသို့ ပြန်လည်ဝင်ရောက်ရေး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက စီမံဆောင်ရွက်သွားမည်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ နေရပ်ဒေသအသီးသီးသို့ အကြောင်းအရာတစ်မျိုးမျိုးဖြင့် ပြစ်မှုကျူးလွန်ထားသူများမှအပ စိုးရိမ်စိတ်ကြောင့် တိမ်းရှောင်နေရသူများအနေဖြင့် မိမိတို့၏ ကိုယ်ပိုင်စိတ်ဆန္ဒအရ မြန်မာနိုင်ငံရှိ မိမိတို့၏နေရပ်များသို့ ပြန်လည်ဝင်ရောက်လိုပါက ဥပဒေအရ ဖြေလျှော့ပေးမှုများနှင့်အညီ ပြန်လည်ဝင်ရောက်နိုင်ရေး နီးစပ်ရာ ရပ်ကွက်၊ ကျေးရွာ၊ မြို့နယ်၊ ခရိုင် စီမံအုပ်ချုပ်ရေးကောင်စီများနှင့် ပြည်ပရောက်နိုင်ငံသားများအနေဖြင့် သက်ဆိုင်ရာ သံရုံး၊ စစ်သံရုံး၊ ကောင်စစ်ဝန်ရုံးများသို့ ဆက်သွယ်ဆောင်ရွက်နိုင်ပါရန် သတင်းထုတ်ပြန်အပ်ပါသည်။

သတင်းထုတ်ပြန်ရေးအဖွဲ့
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု) မော်လမြိုင်ကျွန်းမြို့နယ် ရွာသစ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

နေပြည်တော် ဖေဖော်ဝါရီ ၃

ဧရာဝတီတိုင်းဒေသကြီး ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ မြစ်ဝကျွန်းပေါ် ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်ရောက်ရှိနေသော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)တို့သည် ယနေ့တွင် မော်လမြိုင်ကျွန်းမြို့နယ် လှိုင်းဘုန်းကျေးရွာအုပ်စု ရွာသစ်ကျေးရွာနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၈၇ ဦးကို ယင်းကျေးရွာရှိ သီရိမင်္ဂလာကျောင်းတိုက်၌ အခြေပြု၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ရာဖွေစမ်းသပ်ပေး

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာ ရောဂါ ၁၂၃ ဦး၊ ခွဲစိတ်ရောဂါ ၂၉ ဦး၊ သားဖွား/မီးယပ်ရောဂါ ၃၂ ဦး၊ ကလေးရောဂါ ၂၅ ဦး၊ အရိုးအကြောရောဂါ ၉၈ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၆၇ ဦး၊ မျက်စိရောဂါ ၈၄ ဦးနှင့် သွားရောဂါ ၂၉ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ထို့ပြင် အထွေထွေခွဲစိတ်လူနာ ၁၅ ဦးနှင့် မျက်စိခွဲစိတ်လူနာ ၂၉ ဦးတို့ကို ခွဲစိတ်ကုသပေးခြင်းများနှင့် တယ်လီဗေးရှင်းဓာတ်မှန်ရိုက်လူနာ ၅၂ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၄၈ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၄ ဦးတို့ကို ရောဂါရာဖွေစမ်းသပ်ပေးခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

✪ 2023 မှ

ဒုတိယအကျော့ပွဲစဉ်များကို ဇူလိုင် ၁၅ ရက်မှ အောက်တိုဘာ ၂၉ ရက်အထိ ကျင်းပမည်ဖြစ်သည်။ ပွဲစဉ်အားလုံးကို ရန်ကုန်မြို့တွင်သာ ကျင်းပမည်ဖြစ်ပြီး သုဝဏ္ဏကွင်းနှင့် YUSC ကွင်း၌ ပြုလုပ်သွားမည်ဖြစ်သည်။ ပွဲစဉ်(၁)အဖြစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် YUSC ကွင်း၌ လက်ရှိချန်ပီယံရှမ်းယူနိုက်တက်အသင်းနှင့် အား/ကာသိပ်ပွဲအသင်း၊ သုဝဏ္ဏကွင်း၌ ဒဂုံစတားယူနိုက်တက်အသင်းနှင့် ဧရာဝတီအသင်း၊ ဖေဖော်ဝါရီ ၂၂ ရက်တွင် သုဝဏ္ဏကွင်း၌ မဟာယူနိုက်တက်အသင်း နှင့် ရခိုင်ယူနိုက်တက်အသင်း၊ YUSC ကွင်း၌ ရတနာပုံအသင်းနှင့် ကချင်ယူနိုက်တက်အသင်း၊ ဖေဖော်ဝါရီ ၂၃ ရက်တွင် YUSC ကွင်း၌ ဟံသာဝတီအသင်းနှင့် မြဝတီအသင်း၊ သုဝဏ္ဏကွင်း၌ GFA အသင်းနှင့် ရန်ကုန်အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

၂၀၂၃ ရာသီ MNL အမှတ်ပေးပြိုင်ပွဲကို ၁၄ ကြိမ်မြောက်အဖြစ် ကျင်းပမည်ဖြစ်ပြီး ကျင်းပပြီးစီးခဲ့သည့် (၁၃)ကြိမ်တွင် ရန်ကုန်အသင်းက ငါးကြိမ်၊ ရတနာပုံအသင်းနှင့် ရှမ်းယူနိုက်တက်အသင်းတို့က လေးကြိမ်စီ ဗိုလ်စွဲထားသည်။ လက်ရှိချန်ပီယံအသင်းမှာ ရှမ်းယူနိုက်တက်ဖြစ်ပြီး နောက်ဆုံး သုံးရာသီဆက်တိုက် ဗိုလ်စွဲထားကာ ၂၀၁၉ နှင့် ၂၀၂၂ ရာသီတွင် ရှုံးပွဲမရှိဘဲ ချန်ပီယံဆုရထားခြင်းဖြစ်သည်။

သတင်း-ကိုညီလေး
ဓာတ်ပုံ-သော်ကြီး

✯ ကျောဖုံးမှ

ဧနနဝါရီ ၁၄ ရက်က ထိုင်းနိုင်ငံ၌ ကျင်းပသည့် ONE Fight Night-6 ပြိုင်ပွဲတွင် အောင်လအန်ဆန်နှင့် ဖန်ယုံတွဲဆိုင်း ထည့်သွင်းထားသော်လည်း ဖန်ယုံမှာ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသဖြင့် အောင်လအန်ဆန်သည် ဘရာဇီးနိုင်ငံသားဂယ်လ်ဗိုနှင့် ပြောင်းလဲထိုးသတ်ခဲ့ရခြင်းဖြစ်သည်။ အောင်လအန်ဆန်သည် နိုင်ပွဲဆက်နေသော်လည်း မစ်ဒယ်ဝိတ်တန်း ကမ္ဘာ့ချန်ပီယံဆုကို စိန်ခေါ်ခွင့်မရသေးဘဲ ဖန်ယုံနှင့် စိန်ခေါ်ပွဲထပ်မံထိုးသတ်ရခြင်းဖြစ်ကာ အနိုင်ရပါက ချန်ပီယံခါးပတ်စိန်ခေါ်ခွင့်ရဖွယ်ရှိနေသည်။ အောင်လအန်ဆန်သည် နောက်ဆုံးထိုးသတ်ထားသည့် နှစ်ပွဲတွင် ဂျပန်နိုင်ငံသား အိုကာမီနှင့် ဘရာဇီးနိုင်ငံသား ဂယ်လ်ဗိုတို့ကို ပထမအချီမှာပင် ဒိုင်ပွဲရပ်ဖြင့် အနိုင်ရထားသည်။

ONE Championship အဖွဲ့အစည်းသည် မေ ၅ ရက်တွင် အမေရိကန်နိုင်ငံ၌ ပထမဆုံး ပြိုင်ပွဲကျင်းပမည်ဖြစ်ပြီး အဓိကတွဲဆိုင်းအဖြစ် ဖလိုင်းဝိတ်တန်း ကမ္ဘာ့ချန်ပီယံလုပွဲကျင်းပမည်ဖြစ်ကာ လက်ရှိချန်ပီယံအမေရိကန်နိုင်ငံသား ဂျွန်ဆင်နှင့် ဘရာဇီးနိုင်ငံသား မိုရေးတို့ ယှဉ်ပြိုင်ထိုးသတ်မည်ဖြစ်သည်။ အမေရိကန်နိုင်ငံတွင် မေ ၅ ရက် ညပိုင်း ကျင်းပမည်ဖြစ်သောကြောင့် မြန်မာပရိသတ်များအနေဖြင့် မေ ၆ ရက် နံနက်အစောပိုင်းတွင် ကြည့်ရှုရမည်ဖြစ်သည်။

သတင်း-ကိုညီလေး
ဓာတ်ပုံ-ONE Championship

ပန်းဘဲတန်းမြို့နယ်၌ ရွှေပညာဒါန(အခမဲ့) သင်တန်းဖွင့်

ရန်ကုန် ဖေဖော်ဝါရီ ၃

ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမြို့နယ်၌ ရွှေပညာဒါန (အခမဲ့) ရွှေသင်တန်းဖွင့်ပွဲကို ယမန်နေ့က ရွှေလုပ်ငန်းရှင်များအသင်းရုံး၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီး ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးမျိုးမြင့်က သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ပြောကြားသည်။ ထို့နောက် အသင်းအထွေထွေအတွင်းရေးမှူး ဦးဝင်းမြင့်က သင်တန်းတွင် ပို့ချမည့်ဘာသာရပ်များအကြောင်းကို ရှင်းလင်းပြောကြားသည်။

ထို့နောက် အသင်းဥက္ကဋ္ဌ ဦးမျိုးမြင့်က ရွှေတူးဖော်ခြင်းဘာသာရပ်ကို ဗီဒီယိုဆလိုက်များဖြင့် ရှင်းလင်းပို့ချရာ သင်တန်းသူသင်တန်းများက သိရှိလိုသည်များ မေးမြန်းကြသည်။ ယင်းနောက် A Family မှ ကျွမ်းကျင်ပညာရှင်များက Digital ရွှေချိန်စက်၊ ရွှေရည်စမ်းစက်၊ Diamond Tester (စိန်စစ်မစစ်စမ်းသပ်သည့်ကိရိယာ)နှင့် ငွေရေစက်တို့ကို သရုပ်ပြရှင်းလင်းပြသကြသည်။

ရွှေပညာဒါန (အခမဲ့)ရွှေသင်တန်းအသိပညာပေးသင်တန်း အမှတ်စဉ်(၂၃)သို့ သင်တန်းသား သင်တန်းသူ ၁၀၀ တက်ရောက်ကြပြီး သင်တန်းကာလမှာ ၁၀ ရက်ကြာမြင့်မည်ဖြစ်ကြောင်း သိရသည်။

မျိုးမင်းသူရ

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၂-၂၀၂၃ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သား လေ့ကျင့်နိုင်ရန် အပတ်စဉ် စနေနေ့တိုင်း ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

Grade 6

Unit 8 Lesson 1 : How much is it?

I. Complete the sentences with the words given below.

take	want	sell
thank	help	looking

1. I'm _____ for umbrellas.
2. Do you _____ books? I want to get some.
3. I _____ some pencils.
4. What can I _____ you?
5. I'll _____ it.
6. I _____you very much for your kindness.

II. Fill in the blanks with "How much" or "How many" to complete the questions.

e.g. (How many/ How much) How many cars are there in the garden?

e.g. (How many/ How much) How much water is there in the stream?

1. (How many/ How much) _____ students are there in the class?
2. (How many/ How much) _____ milk is there in the bottle?
3. (How many/ How much) _____ eggs do you need for the cake?
4. (How many/ How much) _____ orange juice do you drink a day?
5. (How many/ How much) _____ money do you earn a month?
6. (How many/ How much) _____ legs does a cow have?
7. (How many/ How much) _____ cheese do you eat at breakfast?
8. (How many/ How much) _____ chickens does your grandma have?
9. (How many/ How much) _____ apples are there in the basket?
10. (How many/ How much) _____ time do we have for the exam?

III. Write the following as shown in example.

e.g. 4,000 = Four thousand

(a) 25, 000 = _____
(b) 1,020 = _____
(c) 10, 500 = _____
(d) 45, 000 = _____
(e) 96,000 = _____
(f) 450 = _____
(g) 12, 000 = _____
(h) 9,010 = _____
(i) 6,700 = _____
(j) 100, 000 = _____

IV. Fill in the blanks with the phrases given below.

am looking	show me	How much
I'll take	your change	

Shop Assistant : Hello, what can I help you?
Customer : Hi, I _____(1)_____for a hat.
Shop Assistant: Yes, we've got many hats.
Customer : Can you _____(2)_____?
Shop Assistant: Yeah. Here you are.
Customer : _____(3)_____ is it?
Shop Assistant : It is 5, 500 Kyats for each.
Customer : Do you have a red one?
Shop Assistant : Yes, here it is.
Customer : Oh! That is nice. _____(4)_____ this.
Customer : Here you are.
Shop Assistant : Here's _____(5)_____.
Customer : Thank you. Bye!
Shop Assistant : Bye! Come again!

V. Tick the correct option.

1. (This / These) are pretty flowers.
2. (That / Those) is my brother.
3. (This / These) is a beautiful day.
4. (Those / That) is my father's car.
5. (These / This) pencils are new.
6. (Those / That) man really loves the comic book store.
7. (These / This) apples are ready to be shipped.
8. (These / That) friend of mine is very reliable.
9. (These / That) fence needs another coat of paint.
10. Did you write (these / this) song?

VI. Convert the following sentences to the plural form. The first one has been done for you.

e.g <u>This mouse</u> is grey.
<u>These mice</u> are grey.

1. That child is very cute.
_____.
2. This apple tastes yummy.
_____.
3. This pencil is not mine.
_____.
4. That cherry is sweet and red.
_____.
5. That baby is sleeping.
_____.
6. That photo is in the drawer.
_____.
7. This pencil is expensive.
_____.
8. That bike is not yours.
_____.
9. This pen is very useful for me.
_____.

+ + + + + + + + + +

Answer: Unit 8 Lesson 1 : How much is it?

I. 1. looking; 2. sell; 3. want; 4. help; 5. take; 6. thank;
II. 1. How many; 2. How much; 3. How many; 4. How much; 5. How much; 6. How many; 7. How much; 8. How many; 9. How many; 10. How much;
III. 1. twenty-five thousand; 2. one thousand and twenty; 3. ten thousand five hundred; 4. forty-five thousand; 5. ninety-six thousand; 6. four hundred fifty; 7. twelve thousand; 8. nine thousand and ten; 9. six thousand seven hundred; 10. one hundred thousand;
IV. 1. am looking; 2. show me; 3. How much; 4. I'll take; 5. your change;
V. 1. These; 2. That; 3. This; 4. That; 5. These; 6. That; 7. These; 8. That; 9. That; 10. This;
VI. 1. These children are very cute. 2. These apples taste yummy. 3. These pencils are not mine. 4. Those cherries are sweet and red. 5. Those babies are sleeping. 6. Those photos are in the drawer. 7. These pencils are expensive. 8. Those bikes are not yours. 9. These pens are very useful for me.

+ + + + + + + + + +

Grade 7

Unit 6 Lesson 1: To the pizza shop

I. Supply the correct word for the blank in each sentence. The first letter is given to help you.

1. I will ask for d_____s to the museum.
2. They have o_____views on that matter.
3. The baker bakes his bread in the b_____.
4. Many colourful fishes can be seen at the a_____.
5. The flowers are bright and c_____.

II. Supply the correct form of the words given in brackets.

1. (colour) There are many_____ fishes in the aquarium.
2. (beauty) Hla Thuzar is the _____ girl in our class.
3. (bake) There is a new_____ at the corner of the street.
4. (swim) He is a good _____.
5. (swim) The condominium has an indoor _____ pool.

III. Supply the correct form of the verbs given in brackets.

1. (get) When did you _____ to school this morning?
2. (tell) Can you _____ me your name?
3. (turn) When you reach the traffic light, _____ left.
4. (go) After we had finished our work, we _____ back home.
5. (buy) He checked the car for some time and _____it.

IV. Choose the correct preposition.

1. The books are _____ the shelf.
(a) in (b) next to (c) on
2. Zaw Khin sometimes sits _____ Ko Ko and Zaw Zaw.
(a) between (b) on (c) in front of
3. Mu Mu usually sits _____ this chair.
(a) on (b) in (c) above
4. The computer is _____ the telephone.
(a) under (b) next to (c) between
5. Maung Gyi often hides _____ that tree.
(a) in (b) above (c) behind

V. Complete the sentences with a suitable preposition given below.

opposite	between	straight
along	next to	

(1) There is a museum _____ the school.
(2) He stood _____ his father and his mother.
(3) Go _____ for two blocks. The stadium is on your right.
(4) The ship sailed _____ the coast.
(5) She sat down _____ me without a word.

VI. Reorder the words to make meaningful sentences.

1. You/ at the traffic light/ right/ turn/ ./
_____.
2. is/ the bank/ It/ opposite/ ./
_____.
3. next to/ Who/ him/ is/ ?/
_____.
4. a/ on Main Road/ is/ cafe/ There/ ./
_____.
5. on/ The store/ the corner/ is/ ./
_____.

* * * * * * * * * * * * * * *

Answer: Unit 6 Lesson 1 : To the pizza shop

I. 1. directions; 2. opposite; 3. bakery; 4. aquarium; 5. colourful;
II. 1. colourful; 2. most beautiful; 3. bakery; 4. swimmer; 5. swimming;
III. 1. get; 2. tell; 3. turn; 4. went; 5. bought;
IV. 1. on; 2. between; 3. on; 4. next to; 5. behind;
V. 1. opposite; 2. between; 3. straight; 4. along; 5. next to;
VI. 1. You turn right at the traffic light. 2. It is opposite the bank. 3. Who is next to him? 4. Thereis a cafe on Main Road. 5. The store is on the corner.

* * * * * * * * * * * * * * *

Grade 9 (စနစ်ဟောင်း)

အရင်တစ်ပတ်က Review Exercises မေးခွန်းများကို ဖော်ပြခဲ့ပါတယ်။ ဒီတစ်ပတ်မှာတော့ Sample Test (နမူနာမေးခွန်းပုံစံ) ကို ဖော်ပြသွားမှာဖြစ်ပါတယ်။

Sample Test (နမူနာမေးခွန်း)

2022– 2023 Academic Year
Nay Pyi Taw
Basic Education Grade (9) Examination
English

Time allowed (2) Hours

Instructions: Write all answers in the space provided on this paper.

Section (A)

I. Supply the correct word for the blank in each sentence. The first letter is given to help you. (10 marks)

1. She wore a pearl n_____ round her neck.
2. He is an honest man. You can t_____ him.
3. He can spend a lot of money because he a w_____ man.
4. There are a_____ thirty students in our class.
5. Two children who are born together of the same mother are called t_____.
6. This story is different from the o_____ one.
7. The m_____ is a very popular long distance race.
8. He is very w_____. He has a lot of money.
9. Scientists make experiments in a l_____.
10. Another word for perfect is f_____.

II. Supply the correct form of the word given in brackets. (10 marks)

1. Thiha and Thura got all their father's (possess).
1. _____
2. He is honest. He is my (trust) friend.
2. _____
3. You need to show your (brave) in the face of danger.
3. _____
4. Cotton is an (absorb) material.
4. _____
5. She passed the interview (easy).
5. _____
6. These young people will be the future (lead) of our nation.
6. _____
7. During a (rehearse), the performers practise acting out their parts.
7. _____
8. We will go to the zoo if it is (sun) tomorrow.
8. _____
9. The (hot) is very strong during this summer.
9. _____
10. Maung Myo Min is a famous (direct).
10. _____

III. Answer the following. (10 marks)

1. What kind of people get the Nobel prize?
2. What is a Nobel Prize?
3. What does "weather forecasting" mean?
4. What did the old man advise Thiha to do?
5. Name the three different kinds of musical instruments.

Section (B)

Reading

Read the passage below and answer the question that follows. (20 marks)

A lot of birds, insects and large animals move in very large groups from country to country during the year. Some of them move when there is no food to eat In one place or when the weather gets colder.

For example, there are butterflies that fly from Canada to Mexico in the winter and return in the summer. Large deer move from Alaska in the autumn, to look for food. Many birds fly thousands of kilometers from North to South America and from Europe to Africa for the same reasons.

This movement of animals from one place to another to search for food or find warmer homes is called migration. It is studied by many scientists around the world. In most cases they are able to say where the animals and birds are going. People expect the migration because it happens every year. But scientists still cannot really explain why such large groups of birds and animals move together all at the same time.

A. Give a word from the passage which means the same as each of the following.

1. the animals like ants, bees and flies
1. _____
2. the conditions of wind, rain, sun and temperature
2. _____
3. the season of the year between summer and winter
3. _____
4. to look carefully for somebody or something
4. _____
5. the movement of people, birds and animals from one place to another
5. _____

B. Say whether the following statements are true or false according to the passage.

1. A lot of birds, insects and large animals move in very large groups from country to country in summer.
1. _____
2. Some of them move when the weather gets cold.
2. _____
3. Butterflies fly from Canada to Mexico In the winter and return in the summer
3. _____
4. Migration Is the movement of animals from one place to another to search for food or find warmer homes.
4. _____
5. Scientists can really explain why the birds and animals move together all at the same time.
5. _____

C. Answer the following questions in full sentences.

1. What moves in very large groups from country to country?
_____.
2. When do some of them move?
_____.
3. From where do butterflies fly to in the winter?
_____.
4. What is migration?
_____.
5. Why do people expect migration?
_____.

Section (C)

V. Supply the correct form of the verb given in brackets. (10 marks)

1. (be) My brother _____ twelve years old now.
1. _____
2. (lose) She _____ her pen since yesterday.
2. _____
3. (paint) The car _____ already.
3. _____
4. (invent) Dynamite _____ by Nobel.
4. _____
5. (meet) We _____ them soon.
5. _____
6. (not, eat) She _____ anything yet.
6. _____
7. (swim) We _____ once a week.
7. _____
8. (just go) Father _____ to work.
8. _____
9. (play) They _____ for an hour now.
9. _____
10. (make) _____ hay while the sun shines.
10. _____

VI. Finish each sentence in such a way that it means exactly the same as the sentence that is given. (20 marks)

1.She is very young. She can't go to school.
She is so_____.
2.The patient was too weak to walk unaided.
The patient was not _____.
3."Who will come to the picture with me?" said father.
Father wanted _____.
4."Please open the window, Mg Mg," said the teacher.
The teacher _____.
5.Cho Cho said,"I've been looking for my cat."
Cho Cho _____.
6.The work will be completed in time.
You _____.
7.Pickpocket snatched Mi Mi's handbag on the bus this morning.
It was _____.
8.The current in the river was very swift. I could not swim across it.
The current in the river was too _____.
9.How brave you are!
You _____.
10. Mother didn't buy anything this morning.
Nothing _____.

VII. Write a letter to your friend and invite him or her to your town during summer holidays. (10 marks)

VIII. Write a paragraph about "A visit to a Pagoda". Use the ideas given below. (10 marks)

–when you visited a pagoda
– the name of the pagoda is
– where it is situated
– with whom you went there
– how you went there
– what you did there
– whether you bought flowers and candles there or not
– what you saw there
– why you enjoyed the visit
– add anything else you wish to say

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (၀၉-၄၃၁၅၇၀၇၁)ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ပုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း

ကျောက်စာရုံစေတီ(၁၂ × ၁၂× ၁၈)ပေ ၁ ဆူ တန်ဖိုး- ၂၇၉ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒပုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏာသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

စဉ်	လှူဒါန်းနိုင်သည့်အမျိုးအစား	တန်ဖိုး (ကျပ်သိန်း)	လှူဒါန်းနိုင်သည့် အရေအတွက်	လှူဒါန်းပြီး အရေအတွက်	လှူဒါန်းရန်ကျန်ရှိ အရေအတွက်
၁။	ကျောက်စာရုံစေတီ ၁ ဆူ(ပိဋကသုံးပုံ မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ ချပ်ပါ)	၂၇၉. ၀၀	၇၂၀ ဆူ	၅၆၀ ဆူ	၁၆၀ ဆူ
၂။	သာသနာ့ဝိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၀၅)ပေ	၆၀၀၀၀	၁ လုံး	၁၉၀၀၀ သိန်း	၄၁၀၀၀ သိန်း
၃။	သုခမ္မာဇရပ်(၅၄×၃၀×၃၂)ပေ	၄၃၂၉. ၀၂	၂	-	၂
၄။	ဂေါပကရုံး(၄၈×၂၄×၂၉)ပေ	၅၈၂၆. ၀၅	၁	-	၁
၅။	မော်ကွန်းတိုက်(၇၂×၃၀×၃၂)ပေ	၈၀၇၈. ၇၅	၁	-	၁
၆။	အဝင်မုခ်ဦး(အနောက်ဘက်)	၂၈၆၅	၁	-	၁
၇။	အဝင်မုခ်ဦးပေါ်(အနောက်ဘက်)	၁၂၂၀	၁	-	၁
၈။	ရွှေ့လျားစက်လှေကား(Walking Escalator)				
	(က) Acrylic အမိုးအကာလုပ်ငန်း	၄၅၄၃. ၁၀	၁	-	၁
	(ခ) Pile Foundation လုပ်ငန်း၊ အဆောက်အဦ RC Structure လုပ်ငန်း၊ မိုးကြိုးလွှဲတပ်ဆင်ခြင်းလုပ်ငန်း၊ ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း	၃၂၈၄. ၃၀	၁	-	၁
၉။	ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ)	၈၀၅. ၀၀	၁၈ ခု	၁ ခု	၁၇ ခု
၁၀။	High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင်	၄၉၄. ၀၀	၉ တိုင်	၁ တိုင်	၈ တိုင်
၁၁။	မဟာရံတံတိုင်း၏မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း)	၇၂. ၀၀	၂၀၀ ခန်း	၉ ခန်း	၁၉၁ ခန်း
၁၂။	မြန်မာမှုတစ်ကဲလှ ခြံစည်းရိုး ၂၇ ပေခန်း	၃၁. ၀၀	၄၅၅ ခန်း	၇၁ ခန်း	၃၈၄ ခန်း
၁၃။	မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ)	၁၅. ၀၀	၅၀ တိုင်	၅၀ တိုင်	-
၁၄။	လမ်းမီးတိုင်(၉ မီတာ) ၁ တိုင်လျှင်	၁၀. ၀၀	၁၈၀ တိုင်	၁၈၀ တိုင်	-
၁၅။	မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ)	၇. ၀၀	၆၅၂ ခု	၁၃၂ ခု	၅၂၀ ခု
၁၆။	စကျင်ကျောက်ပြား ၁ ကျင်းနှုန်း	၅. ၄၀	၂၁၁၉. ၅၃ ကျင်း	၇၅ ကျင်း	၂၀၄၄. ၅၃ ကျင်း
၁၇။	မဟာရံတံတိုင်း၏(အင်္ဂတေမြန်မာမှု)	၄. ၅၀	၂၁၈ ကျင်း	၂၇ ကျင်း	၁၉၁ ကျင်း
၁၈။	ကွန်ကရစ် ၈ လက်မထုခင်းခြင်း	၄. ၅၀	၅၉၁၁ ကျင်း	၂၃ ကျင်း	၅၈၈၈ ကျင်း
၁၉။	ကြွေပြား ၁ ကျင်းနှုန်း	၃. ၆၀	၁၇၃၆ ကျင်း	၃၁၀ ကျင်း	၁၄၂၆ ကျင်း
၂၀။	မုစလိန္ဒအိုင်	၂၂၇၃၁. ၀၂	၁	၅၃၂၈ သိန်း	၁၇၄၀၃ သိန်း
	(က) မုစလိန္ဒအိုင်ရေကန်လုပ်ငန်း	၆၇၁၀. ၅၉	၁	-	၁
	(ခ) မုစလိန္ဒအိုင်အဝင်မုခ်ဦးတည်ဆောက်ခြင်း	၃၆၀၆. ၃၆	၁	-	၁
	(ဂ) မုစလိန္ဒအိုင်အတွင်းအမြင်ပတ်လမ်းရင်ပြင်ကွန်ကရစ်ခင်းလေ့ကားများပြုလုပ်ပေးခြင်း				
	၁။ အရှေ့ဘက်အပိုင်း(၃၇၉၉ ပေ)	၁၇၁၁. ၈၅	၁	-	၁
	၂။ အနောက်ဘက်အပိုင်း(၃၇၉၉ ပေ)	၁၇၁၁. ၈၅	၁	-	၁
	၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ ပေ)	၂၅၉၄. ၂၆	၁	-	၁
	၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ ပေ)	၂၂၃၆. ၄၀	၁	-	၁
	(ဃ) စကျင်ကျောက်ပြားခင်းခြင်း(၃၁၇. ၆၅ ကျင်း)	၅. ၄၀	၃၁၇. ၆၅	-	၃၁၇. ၆၅
	(င) ရေကန်ပတ်လည် ကနုတ်သံပန်းလက်ရန်းတပ်ဆင်ခြင်း	၂၅. ၂၀	၄၇	-	၄၇
	(စ) အတွင်း/အပြင် မီးနှင့်အပြင်ရေဆက်သွယ်ခြင်း				
	၁။ အတွင်း/အပြင် မီးဆက်သွယ်ခြင်း	၅၄၀. ၀၀	၁	-	၁
	၂။ အပြင်ရေဆက်သွယ်ခြင်း	၇၂၀. ၀၀	၁	-	၁
၂၁။	ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ × ၁၇၆ ပေ)	၁၉၃. ၀၀	၈၂ ခု	-	၈၂ ခု
၂၂။	ပိဋကသုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် ရိုမန်အင်္ဂလိပ် ၂ မျက်နှာစီပါ)(Bibble Paper) လှူဒါန်းနိုင်ရေး[၅၃ ကျမ်း(၄၀ အုပ်)]တစ်စုံလျှင်	၂၀. ၀၀	၅၀၀ စုံ	၃ စုံ	၄၉၇ စုံ

၃။ မာရဝိဇယပုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၃၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅
(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၃၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၁)ရပ်ကွက်၊ မြို့သစ်(၂)လမ်း၊ တိုက်အမှတ်(၃၂)၊ (၂)ခန်းတွဲ (၆)ထပ်တိုက်၏ တတိယထပ်၊ (ခြေရင်းဘက်ခြမ်း)၊ အခန်းအမှတ် (၄-လွှာ)၊ အကျယ် (၁၂ ½ x၅၀)ပေရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်း၌ တွယ်ကပ်တပ်ဆင်ထားသော အကျိုးခံစားခွင့်အရပ်ရပ်တို့အား (၂၃-စ-၂၀၂၀) ရက်စွဲပါ **"အခန်းပေးအခန်းယူစနစ်ဖြင့် (၂)ခန်းတွဲ (၆)ထပ်တိုက်အဆောက်အဦ သစ်ဆောက်လုပ်ရန် မြေရှင်နှင့် ကန်ထရိုက်တာတို့၏ နှစ်ဦးသဘောတူကတိ စာချုပ်"** အရ ဦးကျော်ဇော်ဦး [၁၂/မရက(နိုင်)၁၀၈၆၀၈]တို့မှ ပူးတွဲချုပ်ဆို၍ ဦးကျော်ဇော်ဦး(မြေရှင်) ခံစားခွင့်ရှိသောအခန်းဖြစ်ပြီး ၎င်းကွယ်လွန်သဖြင့် တရားဝင်ဆက်ခံပိုင်ဆိုင်သူ ဇနီး ဒေါ်နေဝေဖိုရီး [၇/ပခန(နိုင်)၂၈၁၆၆၈] မှ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံပြောဆိုသဖြင့် ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် နှစ်ဖက်သဘောတူညီထားသည့် ရောင်းဖိုးငွေအနက် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေထားပြီးဖြစ်ပါ၍ အကျိုးသက်ဆိုင်ခွင့်ရှိသူ မည်သူမဆိုခိုင်လုံသော စာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ (၇)ရက်အတွင်း ကန့်ကွက်အရေးဆိုနိုင်ပါသည်။ ကန့်ကွက်ခြင်းမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ဆက်လက်ပြုလုပ်သွားမည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဦးကောင်းမြတ်စော်
တရားလွတ်တော်ရှေ့နေ (စဉ်-၁၂၇၉၂)
အမှတ် (၄၆)၊ ပထမထပ် (ဝဲ)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ဝါယာလက်(၃)လမ်း၊ အမှတ်(၃၈၈)၊ (၂)ခန်းတွဲ RC (၈ ½)ထပ် အဆောက်အဦ၏ (ဆဋ္ဌမထပ်)၊ (၇-လွှာ)၊ (ခေါင်းရင်းခန်း)+(ခြေရင်းခန်း)၊ ဧရိယာ(၁၈၉၆)စတုရန်းပေမို့ ကွန်ဒိုတိုက်ခန်းနှင့် ၎င်းကွန်ဒိုတိုက်ခန်း၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူဖြစ်သော ဦးမင်းစိန်(၁၂/အစန(နိုင်)၁၅၉၀၂)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဦးကိုကိုလွင်[၁၂/မရက(နိုင်)၁၄၅၄၇၀]၊ ဒေါ်နုင်ဝေဖြိုး [၁၂/မရက(နိုင်)၁၅၁၆၅၈]တို့က အပြီးအပြတ်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း တိကျခိုင်လုံသော စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဦးကိုကိုလွင်၊ ဒေါ်နုင်ဝေဖြိုးတို့၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ဝေဖြိုးအောင်(LL.B), WIPO(Switzerland)
တရားလွတ်တော်ရှေ့နေ(စဉ်-၁၅၄၅)
အမှတ်(၁၄)၊ ကျိုက်ခေါက်ဘုရားလမ်း၊ Star City၊ သန်လျင်မြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး။ Ph-09-421157856, 09-798458627

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၀၊ မြေကွက်အမှတ် ၂၉၆/က၊ ဧရိယာ(၂၀'x ၆၀') မြေကွက်တည်နေရာအမှတ်-၂၉၆/က၊ တပင်ရွှေထီးလမ်း၊ (၁)ရပ်ကွက်၊ လှိုင်သာယာမြို့နယ်၊ ဦးမောင်စိုး အမည်ပေါက် ပါမစ်မြေအား အမည်ပေါက် ဦးမောင်စိုး၊ ထံမှ အရပ်ကတိအရောင်းစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်သူ ဦးမျိုးညွှန့်၊ [၁၂/လသယ(နိုင်)၀၂၆၁၃၃]မှ ပါမစ်မူရင်းတွင် မိသားစုခတ်ပုံ၊ ရွှေပြောင်းမည့်သူများ၏ ရာဇဝင်အကျဉ်းချုပ်၊ အိမ်ရာဆောက်လုပ် နေထိုင်ခွင့်စာရွက်တို့တင်ပြပြီး မြေနေရာချထားပေးခံရသူများ၏ မိဘိုသူများစာရင်းစာရွက်တင်ပြနိုင်ခြင်းမရှိဘဲ ပါမစ်(ဇစ္စံ)ဖြင့် နှစ်(၆၀)မြောင်းစာချုပ်(ဂရန်)လျှောက်ထားလာရာ တရားဝင် ခိုင်လုံသော အထောက်အထားများဖြင့်ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး
(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊
မြို့ပြမြေစီမံခန့်ခွဲမှုဌာန
ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

သင့်သွေးဖြင့် အသက် ကယ်ပါ

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း"

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းကြီးရပ်ကွက်၊ သြဘာလမ်းနှင့် ကျောက်ရေတွင်းလမ်းထောင့်၊ အမှတ်(၆၄/၆၆)ဟုခေါ်တွင်သော မြေတိုင်းရပ်ကွက်အမှတ်- ၄-စီ၊ မြေကွက်အမှတ်- ၁၄၊ အကျယ်အဝန်း(၄၁ x ၆၀)ပေရှိ ပဉ္စမတန်းစားမြေအမျိုးအစား၊ နှစ်(၉၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ (၃)ခန်းတွဲ (၂)ထပ်အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးအုန်းဟန် [၁၂/တမန(နိုင်)၀၄၄၇၄၂]နှင့် ဒေါ်လှလှ [၁၂/တမန(နိုင်)၀၄၄၄၉၈]တို့မှ တရားဝင် အည်ပေါက်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်းပြောဆိုဝန်ခံသဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေများဖြစ်သော ဦးစန်းလွင် [၁၂/မဂတ(နိုင်)၁၀၇၆၅၅]နှင့် ဦးဇင်မင်းထွန်း [၁၂/သဃက(နိုင်)၁၇၁ခ၃၃]တို့က ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စအား ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာချုပ်စာတမ်း(မူရင်း)များနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်၍ ကန့်ကွက်မည့်သူများမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်မာမာသိန်း (LL.B) **ဒေါ်နှင်းဝေလွင် (LL.B)**
တရားလွတ်တော်ရှေ့နေ(စဉ်-၈၇၉၂) **အထက်တန်းရှေ့နေ(စဉ်-၅၄၃၀၀)**
အမှတ်- ၂၇၅၊ ပထမထပ်၊ ဗညားဒလလမ်း၊ အရှိုးကုန်းရပ်ကွက်၊
တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း- ၀၉-၅၀၈၈၆၀၅၊ ၀၉-၅၀၆၄၉၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၄/၆၊ မြေကွက်အမှတ် ၁၁၇+၁၁၈၊ ဧရိယာ(၀.၀၆၈)ဧကာ၊ မြေကွက်တည်နေရာအမှတ်-၁၁၇+၁၁၈၊ ချင်းတွင်း(၁)လမ်း၊ ၅ ရပ်ကွက်၊ လှိုင်သာယာမြို့နယ် ဦးကြည်ရင် (MGIE-၀၀၈၁၁၃)၊ ဒေါ်ရှုအင် [၁၂/လမတ(နိုင်)၀၂၃၅၅၂]အမည်ပေါက် နှစ် (၆၀)ဂရန်မြေအား အမည်ပေါက် ဦးကြည်ရင်(ဖခင်)သည် (၈-၆-၂၀၂၀) ရက်နေ့တွင်လည်းကောင်း၊ ဒေါ်ရှုအင် (မိခင်)သည် (၅-၅-၂၀၀၉)ရက်နေ့တွင်လည်းကောင်း၊ အသီးသီး ကွယ်လွန်သွားပါသဖြင့် ဦးသန့်ဇော်ဦး [၁၂/လမတ(နိုင်)၀၀၁၇၆၆]၊ ဒေါ်နုနုဝင်း [၁၂/လမတ(နိုင်)၀၂၆၁၈၂]၊ ဒေါ်နန္ဒာဝင်း [၁၂/လမတ(နိုင်)၀၂၀၀၂၆]၊ ဒေါ်သီတာဝင်း [၁၂/လမတ(နိုင်)၀၃၀၂၇]တို့မှ အည်ပေါက်များ၏ သားသမီးများ တော်စပ်ကြောင်း အခြားအမွေစား အမွေခံမွေးစားသားသမီးမရှိကြောင်း၊ မြေကွက်နှင့် အကျိုးခံစားခွင့်တို့ အရပ်ရပ်အားလုံးအား ၎င်းတို့ (၄)ဦးသာ အမွေဆက်ခံပိုင်ဆိုင်၍ အမွေဆက်ခံရန် အခြားအမွေစား အမွေခံမွေးစားသားသမီးမရှိကြောင်း၊ ကန့်ကွက်နှင့် အကျိုးခံစားခွင့်တို့ အရပ်ရပ်အားလုံးအား ၎င်းတို့ (၄)ဦးသာ အမွေဆက်ခံပိုင်ဆိုင်၍ အမွေဆက်ခံရန် အခြားအမွေစား အမွေခံတစ်ဦးတစ်ယောက်မျှမကျန်ရှိသည်မှာ မှန်ကန်ပါကြောင်း ကျိန်ဆိုထားသည့် ကျမ်းကျိန်လွှာ၊ ထပ်ဆင့်ကျမ်းကျိန်လွှာ (၂)စောင်၊ ဂရန်မူရင်း၊ နိုင်ငံသားစိစစ်ရေးကတ်မူရင်း၊ သေစာရင်းများ၊ အိမ်ထောင်စုလူဦးရေစာရင်းတို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူးလျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)
မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ပါသည်

ရှမ်းပြည်နယ်၊ တောင်ကြီးခရိုင်၊ ကလောမြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု-၃၊ ကွင်း/အကွက်အမှတ်နှင့်အမည်-၂၀ ရွာသစ်အနောက်ရပ်၊ ဦးပိုင်အမှတ်-၅/၁၊ မြေကွက်အမှတ်(၄၆/၇၅-၅၁/၁၀၄)၊ ဧရိယာ(၀.၀၆၀)ဧကအကျယ်ရှိ မြို့မြေအမျိုးအစား မြေကွက်ကြီးအနက်မှ မခွဲစိတ်ရသေးသော (အလျားဝ၀၀x အနံ ၆၀၀) အကျယ်ရှိ မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ဦးအုန်းမိုးကိုယ်တိုင်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဒေါ်တင့်တင့်လွင်[၁၂/ကမရ(နိုင်)၀၀၁၂၃ခ]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြကေသာ[၁၂/လမန(နိုင်)၁၂၄၃၁ခ]မှ အပြီးအပိုင် လွှဲပြောင်း၀ယ်ယူမည်ဖြစ်သဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်မြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါရှိသည့်နေ့မှ(၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဒေါ်မြတ်သီတာအောင်(LL.B)
တရားလွတ်တော်ရှေ့နေ(စဉ်-၁၂၇၅)
အမှတ်(၁၃၂)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၀၂၀၇၇၂၊ ၀၉-၇၉၉၂၅၅၀၂

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄/၅) (အဆင့်မြင့်)၊ သိ၀ီ(၁)လမ်း၊ မြေကွက်အမှတ် (၉၆၀+၉၆၁/ခ)၊ အကျယ်အဝန်း (၃၀ × ၅၀)ပေရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို လက်ဝယ်ပိုင်ဆိုင်သည့် ရောင်းချသူ ဒေါ်နန့်လှကေသီ (၁၄/မမက(နိုင်) ၀၀၁၅၆)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရည်မွန်ကျော် (၁၂/သလန(နိုင်) ၁၄၅၅၁၉)က အပြီးအပိုင်ဝယ်ယူရန် အတွက် စရံငွေပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း ကျွန်ုပ်ထံသို့ကန့်ကွက်နိုင်ပါသည်။ ထိုရက်မှကျော်လွန်ပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ - ဦးမြတ်ထွန်း (B.Sc, R.L)
တရားလွတ်တော်ရှေ့နေ (စဉ်- ၃၆၉၀)
အမှတ်-၅၅၊ ၁၄-လမ်း၊ (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း၊ ၀၉- ၉၇၄၀၀၀၁၉၃၊ ၀၉- ၄၅၄၅၅၄၂၂၀

ကန့်ကွက်နိုင်ပါသည်

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ယူအီး-၁)/(၂)ရပ်ကွက်၊ သီတဂူလမ်း၊ မြေကွက်အမှတ်-၆၁၃/က (မြေကွက်အမှတ်-၆၁၅ နှင့်ကပ်လျက်ဘက်အခြမ်း)၊ အကျယ်အဝန်း (၂၀x၆၀)ပေရှိ ပါမစ်မြေအမျိုးအစား မြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိ (၃)ထပ် အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဦးခင်မောင်ထွန်း(AA-၁၄၇၉၅၇)အမည်ပေါက်လျက်ရှိပါသည်။ အထက်ပါပစ္စည်းစာရင်းတို့ကို ဆက်ဝယ်စာချုပ်အရ ယခုရောင်းချသူများ ဒေါ်လှဲလှဲ [၇/ပခန(နိုင်)၃၂၀စ၁၀]နှင့် ဒေါ်ကေသွယ် [၇/ပခန(နိုင်)၂၉၂၄၃၀]တို့မှ ဝယ်ယူပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားသဖြင့် ကျွန်ုပ်၏မိတ်ဆွေက ဝယ်ယူရန်အတွက်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါကဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော အထောက်အထားမူရင်းများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်မေသန္တာမိုး၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်မြင့်မြင့်သန်း (LL.B) တရားလွတ်တော်ရှေ့နေ (စဉ်-၁၀၇၆၆)
အမှတ် (A-3/A)၊ အရှေ့ပြည်သာရိပ်မွန်၊ အမှတ်(၂)လမ်းမကြီး၊ (၁၅)ရပ်ကွက်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၉-၄၅၁၅၅၂၄၄

ကန့်ကွက်နိုင်ကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရပ်ကွက်/ကျေးရွာအုပ်စု-၃၊ ကွင်း/အကွက်အမှတ်နှင့်အမည်-၂၀ ရွာသစ်အနောက်ရပ်၊ ဦးပိုင်အမှတ်-၅/၁၊ မြေကွက်အမှတ်(၄၆/၇၅-၅၁/၁၀၄)၊ ဧရိယာ(၀.၀၆၀)ဧကအကျယ်ရှိ မြို့မြေအမျိုးအစား မြေကွက်ကြီးအနက်မှ မခွဲစိတ်ရသေးသော (အလျားဝ၀၀x အနံ ၆၀၀) အကျယ်ရှိ မြေကွက်အပါအဝင် ယင်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အဦ၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မိမိကိုယ်တိုင်ပိုင်ဆိုင်ပြီး စီမံခန့်ခွဲရောင်းချပိုင်ခွင့်ရှိပါသည်ဟု ဝန်ခံကတိပြုသူ ဒေါ်တင့်တင့်လွင်[၁၂/ကမရ(နိုင်)၀၀၁၂၃ခ]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်မြကေသာ[၁၂/လမန(နိုင်)၁၂၄၃၁ခ]မှ အပြီးအပိုင် လွှဲပြောင်း၀ယ်ယူမည်ဖြစ်သဖြင့် စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အိမ်မြေနှင့်ပတ်သက်၍ ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ဤကြော်ငြာစာပါရှိသည့်နေ့မှ(၇) ရက်အတွင်း ခိုင်လုံသော အထောက်အထားမူရင်းများနှင့်တကွ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက မြေကွက်အရောင်းအဝယ်ပြုလုပ်ခြင်းအား ဥပဒေနှင့်အညီ အပြီးသတ်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ချက်အရ-
ဒေါ်မြတ်သီတာအောင်(LL.B)
တရားလွတ်တော်ရှေ့နေ(စဉ်-၁၂၇၅)
အမှတ်(၁၃၂)၊ ပထမထပ်၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်မြို့။ ဖုန်း-၀၉-၂၅၀၀၂၀၇၇၂၊ ၀၉-၇၉၉၂၅၅၀၂

အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၈)ရပ်ကွက်၊ ဝလုံးလက်ဖယ်လမ်း၊ မြေကွက်အမှတ်(၆၈၅)ဟုခေါ်တွင်သော အကျယ်အဝန်း(၄၂ x ၆၈)ပေ ဟုခေါ်တွင်သော အမည်ပေါက် ဦးမောင်မောင်သောင်း (ISN-147030)အမည်ရှိ နှစ်(၆၀) မြေငှားဂရန်မူရင်းမြေကွက်အနက်မှ တရားဝင် မခွဲစိတ်ရသေးသည့် အကျယ်အဝန်း(၂၀ x ၆၈)ပေ မြေငှားဂရန်မိတ္တူခြမ်း၊ အမှတ်(၆၈၆)နှင့် ကပ်လျက်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ၎င်းအမည်ပေါက်ထံမှ တစ်ဆင့်အဆက်ဆက် အရောင်းအဝယ်စာချုပ်စာတမ်းများဖြင့် ဝယ်ယူလက်ဝယ်ထား ပိုင်ဆိုင်သူ ဒေါ်ကေဇင်လင်း [၈/စလန(နိုင်)၀၀၁၃၃၃]မှ ပိုင်ဆိုင်ထားပြီးဖြစ်၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း အရှုပ်အရှင်းတစ်စုံတစ်ရာမရှိ အမှန်တကယ်မိမိမှလက်ဝယ်ပိုင်ဆိုင်ကြောင်း ဝန်ခံပြောဆိုလျက် ရောင်းချရန်ကမ်းလုမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ခိုင်စိုးဝေ [၁၂/ဗဟန(နိုင်)၀၈၄၆၀၈]မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသပေးချေပြီးဖြစ်၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော ပိုင်ဆိုင်မှု အထောက်အထားများနှင့်တကွ ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်၍ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်စာချုပ်အား ဆက်လက်စာချုပ် ချုပ်ဆိုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်တင်တင်ငွေး(LL.B)
အထက်တန်းရှေ့နေ(စဉ်-၄၁၈၂၂)
အမှတ်(၈၃/၁၂)၊ ပန်းဆိုးတန်းလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၂၅၆၁၈၀၅၄

အားကစားမြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင်မှုးယစ်ဆေး

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့် ၅၁ နည်းဥပဒေ-၂၀)
အင်းစိန်မြို့နယ်တရားရုံး
၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်-၃၀

၁။ ဒေါ်ခင်မြတ်ငင်း နှင့် ဒေါ်စန်းရီ
၂။ ဒေါ်တင်တင်ဝင်း
၃။ ဒေါ်သိန်းသိန်းဝင်း[ကိုယ်တိုင်နှင့်
(၁)၊ (၂)၊ (၄)၊ (၅)တို့၏ အခွင့်ရကိုယ်စားလှယ်]
၄။ ဒေါ်ခင်မာရီ
၅။ ဒေါ်ခင်စိုးမြင့်

တရားလိုများ **တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အမှတ်(၄၁)၊ လှိုင်မြစ်လမ်း၊ ကမ်းနားအလယ်ပိုင်းရပ်ကွက်နေ ဒေါ်စန်းရီ (ယခုနေရပ်လိပ်စာမသိ)အား သိစေရမည်။

သင့်အပေါ်၌ တရားလိုများက မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှုနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦး တစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက် (၁၃၈၄ ခုနှစ်၊ တပေါင်းလဆန်း ၆ ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်က အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေချင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်က ထုချေတင်ပြအခိုပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ ဖေဖော်ဝါရီလ ၃ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(နိုင်ညွှာကြည်အောင်)
တွဲဖက်မြို့နယ်တရားသူကြီး(၁)
အင်းစိန်မြို့နယ်တရားရုံး

အများသိစေရန်

ကျွန်ုပ်၏မိတ်ဆွေ ဦးမြတ်ထွန်းနိုင် ပိုင်ဆိုင်သော မြေကွက်ခွဲစိတ်ခြင်း၊ မြေကွက်ပိုင်ရှင် အမည်လွှဲပြောင်းခြင်း၊ ဆောက်လုပ်ခြင်း၊ သက်ဆိုင်ရာ အစိုးရဌာနများ၊ မှတ်ပုံတင်ရုံးများ၊ အခြားအဖွဲ့အစည်းများတို့နှင့် ဆက်သွယ်လျှောက်ထားခြင်း၊ တင်ပြပြောဆိုခြင်း၊ မှတ်ပုံတင်ခြင်း၊ အခွန်ပေးဆောင်ခြင်း၊ လက်မှတ်ရေးထိုးခြင်း၊ တရားစွဲဆိုခြင်း၊ ခုခံချေပခြင်း၊ ကျေအေးခြင်း အစရှိသည်တို့ ပြုလုပ်ဆောင်ရွက်နိုင်ရန် ဦးမြတ်ထွန်းနိုင်[၁၂/ဥကမ(နိုင်) ၁၅၉၅၆၄]မှ ဦးစိန်မောင်မြင့် [၇/ရတရ(နိုင်)၀၉၆၈၆၉]အား (၂-၂-၂၀၂၂) ရက်နေ့က နိုင်ကြီအရာရှိထံ ကိုယ်စားလှယ်လွှဲစာကို ဦးမြတ်ထွန်းနိုင်မှ ယနေ့ (၃-၂-၂၀၂၃)ရက်တွင် တစ်ဖက်သတ် အပြီးအပိုင်ပြန်လည်ရုပ်သ

"ကန့်ကွက်နိုင်ပါသည်"

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ (၃)ရပ်ကွက်၊ (၈)လမ်း၊ တိုက်အမှတ်(၆၉)ရှိ (၈)ထပ်တိုက်၏(ဟောင်ကောင်)၊ ၅-လွှာ၊ ၆-လွှာ(ညာဘက်အခြမ်း)၊ အကျယ်အဝန်း(၁၂ ½ ပေx၅၅ပေ)ရှိသော တိုက်ခန်းနှင့် ယင်းတိုက်ခန်းတွင် တပ်ဆင်အသုံးပြုလျက်ရှိသော ရေ၊ မီး အပြည့်အစုံနှင့်တကွ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ရောင်းချပိုင်ခွင့်ရှိသူများဖြစ်သော (၁)ဒေါ်ချိုချို [၁၂/လမတ(နိုင်)၀၁၇၆၅၂]နှင့် (၂) ဒေါ်ဖူးပွင့်ဟန်[၁၄/ဘကလ(နိုင်)၃၀၄၈၇၁]တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ကွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ပါအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသည့်စာရွက်စာတမ်းမူရင်း၊ စာချုပ်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စန်းစန်းအောင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၈၁)
ရုံးအမှတ်(၆၂)၊ ပထမထပ်၊ အခန်းအမှတ်(၁)၊ ပန်းဆိုးတန်းလမ်းနှင့်ကုန်သည်လမ်းထောင့်၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၃၄)၊ စိပယ်လမ်း၊ မြေကွက်အမှတ်(၈၁၁)ဟု ခေါ်တွင်သော အကျယ်အဝန်း(၄၀ပေx၆၀ပေ) ရှိ ဒေါ်ခင်ပု အမည်ပေါက် ပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲမစိတ်ရသေးသော မြေကွက်၏ (ခြေရင်းခြမ်း)၊ မြေကွက်အမှတ်(၈၁၀) နှင့် ကပ်လျက်တည်ရှိသည့်အခြမ်း အကျယ်အဝန်း(၂၀ပေx၆၀ပေ)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အဦအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ရင်လှဝေ [၇/သနပ(နိုင်)၀၃၉၃၃]ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးစိုးသီဟ [၁၂/ဒဂမ(နိုင်)၀၀၉၇၁၀]က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ကွေ တစ်စိတ်တစ်ဒေသအား ပေးချေထားပြီးဖြစ်သောကြောင့် ကန့်ကွက်လိုပါက တိကျခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၇) ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ပြီးမြောက်အောင်မြင်သည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးစိုးသီဟာ၏ လွှဲအပ်ညွှန်ကြားချက်အရ
ဒေါ်ခင်သီတာအောင်(LL.B) **ဒေါ်ခင်ပြိုးလှိုင် (LL.B)**
တရားလွှတ်တော်ရှေ့နေ (စဉ်-၁၇၄၉၈) **အထက်တန်းရှေ့နေ (စဉ်-၄၂၅၅)**
Ph:09-423654040, 09-773131484

ပျောက်ဆုံးကြောင်း

ကျွန်တော် ဟိန်းထက် (CDC No-108381)၏ SID Smart Card ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၆၂၇၆၉၆၇၅

ဖခင်အမည်မှန်

ဝိုင်းမော်မြို့နယ်၊ ခတ်ချိုကျေးရွာ၊ အထက(ခတ်ချို)၊ Grade(11) မှ မောင်ယော်လုတ်၏ ဖခင်အမည်မှန်မှာ ဦးကိယော် [၁/ခဖန(နိုင်)၀၀၈၄၇၇] ဖြစ်ပါသည်။

ကြီးမြန်သစ်ပင် စိုက်ပျိုးလျှင် စွမ်းအင်လည်းရ ပြည်လည်းလှ

ကန့်ကွက်နိုင်ပါသည်။

